www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွာလေးတစ်ရွာမှာ ကြုံခဲ့ပါတယ်။ ဖတ်လေး ကလည်း အရမ်းလှသလို အံ့ဩစရာလဲ ကောင်းလွန်းလှပါတယ်။

BURMESE CLASSIC ကျွန်မက စာရေးတဲ့ လူဆိုတော့ ကျွန်မ မြင်တွေ့သိခဲ့တာကို စိတ်ထဲမမျိုသိပ် ထားနိုင်ပါဘူး။ ကျွန်မရဲ့ ပရိသတ်ကြီး ရသပြည့်ပြည့် ခံစားခွင့်ရအောင် ကျွန်မ ဝတ္ထု အဖြစ် ဖန်တီးလိုက်ပါ တယ်။ ဝတ္ထုနာမည်က 'အကျဉ်းစံတစ္ဆေမလေးရဲ့သုဘရာဇာ' ပရိသတ်ကြီး ဖတ်ကြည့်ပြီး ဆန်းကြယ်လှတဲ့ လောကရဲ့ အကြောင်းတွေကို သိခွင့်ရရင် စာရေးတဲ့ကျွန်မ မှော်ကေရီ ဖန်တီးခွင့်ရတာ ကို ကျေနပ်နေမှာပါလို့ ..........

ကျွန်မ

မှော်ကေရီ

www.burmeseclassic.com

www.burmeseclassic.com

## မှော်ဇကာရီရဲ့ ပြောချင်တဲ့စကားများ

ဆန်းကြယ်လှတဲ့ ပရလောက၊ အတွေးတွေ စိတ်ကူးတွေနဲ့ လိုက်လို့မမှီနိုင်တဲ့ ဂမ္ဘီရပညာရပ်တွေ လူပြုစား စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ ပုဏ္ဏကတိုက် စတဲ့ ဆန်းပြားတဲ့ မိစ္ဆာ အတတ်ပညာရပ်များကို ကျွန်မ သိကြားခဲ့ရတာတွေရှိသလို လက်တွေ့ မြင်ခဲ့ရတာတွေ ရှိပါတယ်။ BURMESE CLASSIC

လောကမှာ ဖြစ်ပျက်နေတာတွေဟာ ပစ်စလက်ခတ် မဟုတ်ပါဘူး။ ကျိုးကြောင်း ဆီလျော်စွာ ဖြစ်နေကြတာပါ။

ထိုထိုသော အဖြစ်အပျက်တွေထဲက မယုံနိုင်လောက်အောင် အံ့ဩစရာကောင်းတဲ့ အဖြစ်တစ်ခုကို ကျွန်မ အရှေ့မှီးမ တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်ကေရီ ဆရာမရှင့်

ကျွန်မ ညဘက် အိပ်မပျော်ပါဘူး

တစ်ခုခုကို ကြောက်နေသလို ခံစားရတယ်။

တစ်ခါတလေ ကျွန်မကို တစ်ယောက်ယောက်က

ကြည့်နေသလိုမျိုးပဲ။

BURMESE CLASSIC

အဲလိုဆို ...

ကျွန်မဘေးနားမှာ ဝိညာဉ်ရှိနေတယ်လို့

ထင်ရပါနော် ...

ကျွန်မ ဘာလုပ်ရမလဲ ဆရာမ

ဆရာမရေးတဲ့ စာအုပ်တွေဖတ်ပြီးထဲက

အဲလိုဖြစ်သွားတာလေ ...

ဆရာမကို အပြစ်တင်တာမဟုတ်ဘူးနော် ...

ကျွန်မ ချောက်ချားနေတာကိုပြောတာပါ

မေမြတ်သီဂီ

မြယာကုန်းရပ်၊ ပြင်စလူမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ ခင်ဗျား ...

ဒီစာဟာ ဆရာမဆီရေးတာ ငါးစောင်မြောက်ဆိုပါတော့၊ အလုပ်သိပ်များနေတဲ့ ဆရာမ စာမပြန်နိုင်တာ နားလည်ပါတယ် ...

ဆရာမရေးတဲ့ ခေါင်းတစ်ရာသုဘရာဇာ စာအုပ်ကို သိပ်ကြိုက်တယ်ဗျာ ...

နောင်လည်း အဲလို စာအုပ်ကောင်းမျိုးရေးဗျာ ...

အားပေးနေမယ် ...

စောလွှန်း

ရုံးလမ်း၊ ဘားအံမြို့။

သို့

ဆရာမ ခင်ဗျား ...

ဆရာမရဲ့ (၁၅)အုပ်မြောက် အထူးထုတ်ဖြစ်တဲ့ ခေါင်းဆာစ်ရာသုဘရာဇာနဲ့ ဗိညာဉ်တစ်ကောင်ရဲ့ မေတ္တာ နောင်ကြိုး စာအုပ်နှစ်အုပ်ကို သိပ်ကြိုက်ပါတယ်။

နောင်လည်း အဲလိုဇာတ်လမ်းမျိုးတွေ များများရေးပါလို့ ...

ဆရာမရဲ့ ပရိသတ်

နောင်စိုး

ဓမ္မာသီလမ်း၊ မြောက်ဥက္ကလာ။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ

ကျွန်တော်က တစ္ဆေသရဲကို ယုံတာမဟုတ်ဘူး၊

ကြောက်တာလည်း မခံပူးဘူး ...

ဆရာမက တစ္ဆေသရဲ ဇာတ်လမ်းတွေကို အကွက်ကျကျ

ရေးတာ ဖတ်တဲ့လူတွေရင်ထဲ သိမ့်ခနဲ ဖြစ်သွားတယ်လို့

ပြောကြတယ် ...

ကျွန်တော်က ဆရာမရေးတဲ့

ခေါင်းတစ်ရာသုဘရာဇာစာအုပ်ပဲ ဖတ်ပူးတယ်၊ ကြိုက်ပါ

တယ်။

ဇာတ်သိမ်းလေးဆိုကောင်းသလိုပဲ၊ နောင်ထွက်မယ့်စာအုပ်

တွေ အဲဒီစာအုပ်လို ဇာတ်လမ်းကောင်းရင် ...

အမြဲအားပေးနေမယ် ...

နိုင်လွင်မြင့်

ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မျှော်ကေရီ

ပရလောကနဲ့ လူ့ဘဝဆက်စပ်နေတဲ့အကြောင်း ပရိသတ်ကို ဆရာမတင်ပြပုံကို အရမ်းအားရပါတယ် ...

ဇာတ်လမ်းလေးတွေကလည်း ကောင်းတော့ ဖတ်ရတဲ့ ပရိသတ်လည်း ကျေနပ်ကြပါတယ် ...

နောင်လည်း ဇာတ်လမ်းကောင်းကောင်း ဆန်းဆန်းလေးတွေ ဆက်ရေးပေးပါလို့ ...

အမြဲအားပေးလျက်

အောင်ပြည့်ဖြိုး

စံပြဈေး သယ်နီးကျွန်း။

သို့

ဆရာမ

သမီးက ဆရာမရဲ့စာဖတ်ပရိသတ်ပါ။ ဆရာမရေးတဲ့ စာအုပ်တွေအားလုံး ကြိုက်တယ်။ ကြောက်ဖို့ထက် စိတ်ဝင်စားဖို့ကောင်းတယ်။ ဆရာမရေးတဲ့ ... ဖြိတ္တာကျတဲ့ လွမ်းမျက်ရည်စာအုပ် အကြိုက်ဆုံးပဲ။ အမြဲအားပေးနေမယ် ...

ရတနာမိုး

အင်းလေး

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်ကေရီ

ပရိသတ်ဆိုတာ စာရေးဆရာပြောလိုတဲ့အကြောင်းကို တမ်းတမ်းတတနားထောင်ရတာပါ ...

တစ်လတစ်လ ထွက်လာမယ့် စာအုပ်တွေအတွက် ဘာဇာတ်လမ်းများဖြစ်မလဲ ရင်ခုန်ရတာအမောပဲ ...

သရဲတစ္ဆေခြောက်တာထက် ပရလောကက ဇာတ်လမ်းလေးတွေကို ရသပြည့်ပြည့်နဲ့ရေးတဲ့ ဆရာမ စာအုပ်တွေကို ထွက်တိုင်းဖတ်ပါတယ် ...

ဆရာမ အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ...

မေပြုံးသူ
ရုံမှန်ကျေးရွာ
လှည်းကူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်ကေရီ

လူ့လောကမှာ မကြုံဖူးလောက်အောင် မကြားဖူးလောက်အောင် ဆန်းကြယ်တဲ့ ဇာတ်လမ်းတွေရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ မသိတဲ့ မကြားတဲ့ ဇာတ်လမ်းဆန်းဆန်းတွေကိုရေးတဲ့ ဆရာမ မော်ကေရီရဲ့စာအုပ်တွေ ဖတ်ရတာ အရမ်းကိုကျေနပ်စရာကောင်းပါတယ်။ နောင်လည်း ရှားရှားပါးပါးဇာတ်လမ်းလေးတွေ ဖန်တီးပါလို့ ...

ဆရာမကို

လေးစားတဲ့ ...

ကိုမြင့်မြတ်

ပိုလ်ချုပ်လမ်း၊ လသာမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်ကေဒီရှင့် …

သရာမရဲ့ စာအရေးအသားတွေက တခြားစာရေးသရာတွေထက် အရေးအသားဆန်းနေသလိုပဲ။ ကောင်းတယ်လို့ ဆိုလိုတာမဟုတ်သလို မကောင်းဘူးလို့ ပြောတာလည်းမဟုတ်ဘူး …

တိုတိုရှင်းရှင်းတွေက စွဲဆောင်မှုရှိသလိုဖြစ်နေတယ် …

စကားပြောဟန်တွေကလည်း လူတွေဝင်ပြောနေသလို အရေးကောင်းတာကြောင့် ဗီဒီယိုကြည့်နေရသလိုမျိုးပါပဲ။

စာအုပ်တစ်အုပ်လုံးကို မပျင်းအောင်ရေးတဲ့ သရာမ စာအုပ်များများရေးနိုင်ပါစေ …

မိုးမိုးဝင်း

၃-နှစ်(မြန်မာစာ)

အဝိုတဏ္ဍသိုလ်

www.burmeseclassic.com

www.burmeseclassic.com

သို့

မော်ကောရီ

ကျုပ်တို့ရွာကို လာလည်ပါလား ... ဆရာမအတွက်
အကျိုးမယုတ်ပါဘူး ...
မိစ္ဆာအတတ်တွေနဲ့ လိုသလို စေခိုင်းနိုင်တဲ့လူတွေ ကျုပ်တို့
ရွာမှာ အရမ်းကိုပေါပါတယ်... စုန်းမရှိရင် ရွာတည်လို့
မရဘူးဆိုတဲ့ ဆိုရိုးစကားအတိုင်း ဆန်းပြားတဲ့ ဇာတ်လမ်း
တွေ ဆရာမရမှာ သေချာတယ်
လာလည်ဖြစ်အောင် လည်ပါ...

စောထီးအောင်ပွား
ပုခက်ကုန်းရွာ
ယောမြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၈၂၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၈၃၀၈၁၁
၂၀၁၁ခုနှစ်၊ ဩဂုတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀ိ/-)ကျပ်

- **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓါမြိုင်စာပေ၊ (မြ-၀၉၃၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း ၆-ရပ်ကွက်၊ သာကေတမြို့နယ်။
- **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း ကျောက်တံတားမြို့နယ်။
- **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။
- **ဖြန့်ချိရေး**
**ရွှေကြည်သာစာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ကောရိ
ဝိညာဉ်စံအိမ်တော်က ဒဏ္ဍာရီမင်းသမီး/မော်ကောရိ- ရန်ကုန်၊
ဂန္ဓါမြိုင်စာပေ၊ ၂၀၁၁။
၁၂၄-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ဝိညာဉ်စံအိမ်တော်က ဒဏ္ဍာရီမင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

# မှေါ်ကေရိ

သို့

## ပေးစာများ

www.burmeseclassic.com

www.burmeseclassic.com

သို့ …

ဆရာမ (မှော်ကောရီ)

"ခေါင်းတစ်ရာ သုဘရာဇာ" စာအုပ်ကို ဖတ်ရတာ

အားရတယ်ဗျာ…

အဲဒီလို ဇာတ်မျိုးများများရေးပါဗျ

ကျွန်တို့က အများအနိုင်ခံရတဲ့ သုဘရာဇာကို သူရဲကောင်း

တင်ရေးတာ ကြိုက်လွန်းလို့ပါ။

ကိုရင်ကြီး

သုံးပန်လုရွာ

သနပ်ပင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ…

သားက (၉)တန်းကျောင်းသားပါ။ သရဲဝတ္ထုတွေ ကြိုက်ပါတယ်။ ဆရာမ စာအုပ် သုံးအုပ်ဖတ်ဖူးပါတယ်။ ဇာတ်လမ်းလေးတွေကောင်းလို့ သုံးလေးခါပြန်ဖတ်တယ်… သားတို့မြို့က အငှားဆိုင်မှာ ဆရာမ စာအုပ်နည်းနည်းပဲရှိတယ်… ရှိသလောက်တော့ ဖတ်ပြစ်တယ်လေ…ဆန်းဆန်းပြားပြား ဇာတ်လမ်းတွေ များများရေးပါ ဆရာမ….

အားပေးနေမယ့် …
သော်မိုး
ရေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့ …

မှော်ကောရီ

ဆရာမရဲ့ ခေါင်းတစ်ရာ သုဘရာဇာ စာအုပ်ကတော့ ထွက်သမျှ ဆရာမရေးတဲ့ စာအုပ်တွေထဲမှာ အကောင်းဆုံး ပါပဲ…

ဇာတ်အတင်အချ ဇာတ်သိမ်းတဲ့ထိ အမြဲမသိတဲ့ ပဟေဠိ ပုံစံ ဇာတ်ကိုလှုပ်ထားတာကိုက အဆင့်ရှိတဲ့ စာရေးဆရာမ တစ်ယောက်ဆိုတာ ခန့်မှန်းမိပါတယ်…

စာဖတ်သူကို ဇာတ်ပြီးသည်ထိ ဆွဲခေါ်သွားတဲ့ ဆရာမရဲ့ စာအရေးအသား ဇာတ်လမ်းတင်ပြပုံတွေကို မချီးကျူးဘဲ မနေနိုင်ပါဘူး …

ဆရာမ အခုထက် အောင်မြင်ပါစေလို့…

ဒေါ်မိရင်ကျူး
အထက်တန်းပြ(မြန်မာစာ)
သောင်ကြီးကျေးရွာ
တောင်ငူမြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမ…

သရဲစာအုပ်တိုင်း ကြောက်စရာကောင်းတာမဟုတ်ပါဘူး။ ချောက်ချားစရာလို့ ကြော်ငြာပြီး ဖတ်လိုက်တော့ ဘာမှ မဟုတ်တော့ ရယ်စရာတောင် ကောင်းနေတယ်…

ဆရာမရေးတဲ့ စာအုပ်တွေက ချောက်ချားစရာကို ဇာတ်အိမ် အခိုင်အမာဖွဲ့ပြီး စွဲဆောင်မှုရှိတဲ့ ရေးဟန်နဲ့ရေးတော့ စာဖတ် တဲ့သူ ဖတ်ရကျိုးနပ်တယ်လေ…

"ပြိတ္တာကျတဲ့ လွမ်းမျက်ရည်" လို စာအုပ်မျိုး များများ ရေးပါလို့…

ဆရာမရဲ့ပရိသတ်…
လှိုင်မိုးလှိုင်
မြောက်ပြင်ရပ်
မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမရှင့် …

သဲရဲတစ္ဆေဆိုတာ ဘုရားဟောကျမ်းဂန်တွေမှာ အတိအလင်း ပါပေမယ့် လက်တွေ့မှာတော့ အကောင်အထည်ပြနိုင်ဖို့ ခဲယဉ်းပါတယ်။

ဒါပေမဲ့လည်း…

တစ်ရပ် တစ်ဘာသာ တစ်ရွာ တစ်ပုဒ် ဆန်းကြယ်တာ တွေရှိတာမို့ မယုံဘူးလို့တော့ ကျွန်မ မပြောပါဘူး… ဆရာမရဲ့စာအုပ်တွေ ဖတ်ရတော့ ကျွန်မ မသိတဲ့ မမြင်တဲ့ အကြောင်းတရားတွေ သိလာရတယ်။ သမရိုးကျ ဇာတ်လမ်း တွေထက် ထူးထူးခြားခြားရေးတဲ့ ဆရာမကို အမြဲအားပေး နေပါ့မယ်။

ခင်ခင်မိုး
မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


အခန်း ၁။ အိမ်မဲကြီးက နာနာဘာဝ

အခန်း ၂။ ထန်းတောထဲကလူမိုက်

အခန်း ၃။ အိမ်ဝက ခေါင်းနက်ကြီး

အခန်း ၄။ ပယောဂဆရာရဲ့ကြိမ်လုံး

အခန်း ၅။ တစ္ဆေဆောက်တဲ့အိမ်

အခန်း ၆။ ဂူနက်ကြီးသုံးလုံး

အခန်း ၇။ ဘုရားရင်ပြင်က နာနာဘာဝ

အခန်း ၈။ ဘဝ ဝဋ်ကြွေး

အခန်း ၉။ အိမ်မဲကြီးမှာတစ်ည

အခန်း ၁၀။ သတိပေးသံ

အခန်း ၁၁။ ဆရာနှင့်နှင်မည်


www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၂။ မိန္ဒာကိုစောင့်ရှောက်သူ

အခန်း ၁၃။ လိပ်ပြာသွင်းထားသူလေး

အခန်း ၁၄။ တချွေနှင်ပွဲ

အခန်း ၁၅။ မီးလောင်တဲ့အိမ်

အခန်း ၁၆။ မမျှော်လင့်တဲ့ညသည်


www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်စံအိပ်တော်က ဒဏ္ဍာရီမင်းသမီး

ဤဇာတ်လမ်းကို ပရိသတ်ကြီးအနေဖြင့် သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ အဖြစ်မှန်ကို မှတ်တမ်းတင်ထားသည့် မစ္ဆတာကာလစ်ဆင်၏အပြစ်မဟုတ်ဘဲ ကျွန်မ (မှော်ကေရီ)၏အပြစ်ဖြစ်ကြောင်း ...

ပရိသတ်ကြီးကို ကြိုတင်အသိပေးတောင်းပန်အပ်ပါသည်။

မှော်ကေရီ

www.burmeseclassic.com

www.burmeseclassic.com



## မစ္စတာကာလစ်ဆင်၏ကိုယ်တွေ့မှတ်တမ်း

ထဲမှကောက်နုတ်ချက်တချို့ ...

"ကျွန်ုပ်သည် မြန်မာပြည်၌ အင်္ဂလိပ်အစိုးရအမှုထမ်းအနေဖြင့်(၁၀) နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့၏။

ထိုအတောအတွင်း ပဲခူးခရိုင်လက်ပံကုန်းကျေးရွာသို့ရောက်ခဲ့သည်။ ကျွန်ုပ်ရောက်ခဲ့စဉ် ၁၉၀၁ ခုနှစ် နိုဝင်ဘာလတွင် ပထမတစ်ခေါက်ဖြစ်ပြီး သစ်ကနက်သားတို့ဖြစ်ဆောက်လုပ်ထားသည့် ထူးဆန်းသောအိမ်နက်ကြီးတွင် တစ်ညတည်းခဲ့သည်။

ထိုအိမ်ကြီးတွင် ထူးဆန်းသောလူမဲကြီးနှင့်စကားပြောခဲ့သည်။ ထိုလူမဲကြီး၏ ဆန္ဒအရ နောက်ရက်တွင်အိမ်နက်ကြီး၌မတည်းတော့ ...

ထိုနောက်ပိုင်း အလုပ်တာဝန်ဖြင့် အိန္ဒိယသို့သွားရောက်ရသဖြင့် မြန်မာပြည်နှင့်အလှမ်းဝေးသွားသည်။ ပင်စင်ယူပြီးသောအခါ ၁၉၂၁ ခုနှစ်၌ မြန်မာပြည်ပြန်ရောက်၍ အိမ်နက်ကြီးအားလေ့လာမည်ပြုရာ အိမ်နက်ကြီးမရှိတော့ အလွန်လွမ်းမောဖွယ်ကောင်းသည့် ဇာတ်လမ်းတစ်ပုဒ်သာသိခွင့်ရခဲ့သည်။

ထိုဇာတ်လမ်းထဲမှ ကိုမင်းညိုသည်လည်းကောင်း ဘဝအဆက်ဆက် ချစ်သူကိုစောင့်နေသည့် ကြာဖြူဆိုသည့်ကောင်မလေးသည်လည်းကောင်း ကျွန်ုပ်နှင့်နောက်ထပ်တွေ့ရန်အကြောင်းမရှိတော့ ... အဘယ့်ကြောင့်ဆိုသော် ...

ကျွန်ုပ်မှာအသက်အရွယ်အိုမင်းနေပြီဖြစ်သလို ရင်ကျပ်ဝေဒနာဖြင့်အိပ်ရာထဲလဲနေသူဖြစ်သည်။ ကျွန်ုပ်ရေးသားထားသောအကြောင်းအရာတို့ကို စိတ်ဝင်စားသော် ကျွန်ုပ်ဆွေသားများ မြန်မာပြည်သို့သွားရောက်၍ ကိုမင်းညိုနှင့်တွေ့ဆုံ၍ သူရှာနေသောကြာဖြူတွေ့ပြီလား ဒါမှမဟုတ် ဘဝအဆက်ဆက်တွင်အနေထဲ ချစ်သူလက်နဲ့ထိမှ သူစိတ်မနှံ့တာကနေအကောင်းပြန်ဖြစ်မည်ဟုယုံကြည်နေသော ကြာဖြူကိုသွားရှာကြပါလို့ ...

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့လျှင် သမိုင်းတင်မည့် ကျိုန်စာသင့်ဒွန်စန္ဒားတို့အကြောင်းကို စိတ်ဝင်စားဖွယ်သိရမှာမလွဲပေ ...

မစ္စတာကာလစ်ဆင်
(အရေးပိုင်မင်းကြီးဟောင်း)
၁၈၉၁-၁၉၀၁

## သမိုင်းပညာရှင် မစ္စတာဒေးဗစ်ကာလစ်ဆင်၏မှတ်ချက်

ကျွန်ုပ်မြန်မာပြည်ပြန်ရောက်တော့ ၁၉၆၀ ခုနှစ်ရှိလေပြီ။ အဘိုးပြောတဲ့ ကိုမင်းညို့မှာ ဆုံးပါးသွားပြီဖြစ်သလို သူ၏မျိုးဆက်လည်းမရှိတော့ ...

ကိုမင်းညို့မှာ တစ်ဦးတည်းလူပျိုကြီးဘဝနှင့်တစ်သက်လုံးနေသွားသည်ဟု သိရသည်။

လက်ပံကုန်းရွာဆိုတာလည်းမရှိတော့သလို ပဲခူးလျှင်ကြောင့်ရှေးနုံသာစေတီမှာ ပြိုကျပြီးအုတ်ခဲအပိုင်းအထစ်တစ်ချို့သာတွေ့ခဲ့ရသည်။

အဘိုးရဲ့မှတ်တမ်းထဲက ကြာဖြူဆိုလည်းဘယ်မှာရှာရမှန်းမသိတော့။

လန်ဒန်ပြန်ရောက်တော့ အဘိုးအမြတ်တနိုးသိမ်းခဲ့သည့် ဆီမီးခွက်လေးကို လန်ဒန်ရှေးဟောင်း သုတေသနအဖွဲ့သို့သာလှူဒါန်းလိုက်တော့သည်။

ဒေးဗစ်ကာလစ်ဆင်
(သမိုင်း[illegible])
မစ္စတာကာလစ်ဆင်၏ မြေး

www.burmeseclassic.com

အလွန်ချောက်ချားစရာကောင်းသည့်
တိမ်မင်ကြီးမှ ကျိန်စာသင့် မိစ္ဆာတို့၏
ထိတ်လန့်ဖွယ် ဇာတ်လမ်းကတော့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

**ဒီမိုးစဲကြီးထဲ နွာနွာဘာဝ**

"ဟော ... ကလိုက်စမ်းပါ့ မောင်တို့ရေ မယ်တို့ရေ ... သူမလာခင် သနပ်ခါးဖွေး ... လိမ်းလိုက်မယ်လေး ... "

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ရွာထိပ်ညောင်ပင်အောက်မှာ မြေကလည်းပြန့်ပြူးလို့နေသည်။ နွေရာသီဖြစ်တာကြောင့် အရိပ်လည်းရ အေးလည်းအေးမြတာကြောင့် ရွာထဲက ကလေးတစ်သိုက်ဆော့ကစားကာနေ၏။

သူတို့ဝိုင်းဖွဲ့ဆော့ကစားရာသို့ အရွှးမလေးကြာဖြူရောက်လာတော့ ပို၍စည်သွားသည်။

ကလေးတွေက ကြာဖြူကိုဝိုင်း၍လက်ခုပ်တီး၊ ကြာဖြူက ကလိုက်သီချင်းဆိုလိုက်နှင့်ပျော်စရာကိုဖြစ်နေလေသည်။

"ဟော ... ကလိုက်ပါ့မယ် ... မောင်တို့ရယ် ... ဒီတစ်ခါ သူမလာခင် ရေတွေလောင်း ... "

ပါးစပ်ကဆိုချင်ရာဆို ကတာလည်းကွေးနေ၏။ ကလေးတွေက အားရပါးရ လက်ခုပ်တီးပေးတော့ ကြာဖြူလည်းမမောနိုင်မပန်းနိုင်ကလို့သာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ပံကုန်းဆိုတဲ့ ရွာလေးဟာ ပဲခူးရိုးမတောစပ်တွင်ရှိသလို မြို့နှင့်သည်း အနည်းငယ်လှမ်းတာကြောင့် ခေါင်လှသည်ဟုပြောရမည်ဖြစ်သည်။

လက်ပံကုန်း၊ ထန်းပင်ကုန်း၊ လသာကုန်းစတဲ့ရွာကြောတစ်လျှောက်ကနေ အနီးဆုံးမြို့ဖြစ်သည့် ညောင်လေးပင်မြို့ကို တစ်ညအိပ်တစ်ခရီးသွားရသည်။

ရွာကလူတွေသွားကြလာကြလျှင် နွေအခါ နွားလှည်းကိုအသုံးပြု၍ရသော်လည်း မိုးအခါမှာတော့ လမ်းလျှောက်၍သာသွားလာကြရသည်။

အိမ်ခြေအားဖြင့် တစ်ရာကျော်ရှိသော လက်ပံကုန်းရွာကတော့ ရွာစဉ်တစ်လျှောက်၏ နောက်ဆုံးရွာဖြစ်ပြီး သူ့နောက်မှာ ရိုးမတောကြီးသာရှိတော့သည်။

လက်ပံကုန်းရွာ၏ ရွာထိပ်မှာတော့ ကျယ်ဝန်းလှသည့်ခြံကျယ်ကြီးထဲတွင် နှစ်ဆောင်ပြိုင်ကျွန်းအိမ်အမဲကြီးရှိသည်။

ထိုကျွန်းအိမ်အမဲကြီးကို အမှတ်တမဲ့ကြည့်လိုက်လျှင်တောင် အလွန်ချောက်ချားစရာကောင်းလှသည်။

ခြံထဲတွင်လည်း လက်ပံ၊ ကသစ်၊ ပိတောက်၊ ငုဝါ၊ မန်ကျည်း၊ သရက် စသည့်အရိပ်ရအပင်ကြီးပေါင်းမြောက်မြားစွာစိုက်ပျိုး၍ထားသလို ကျယ်ဝန်းလှသည့် ခြံကျယ်ကြီးထဲမှာ မြက်ရိုင်းပင်တို့က တောထ၍နေအောင် ရှည်လျားလှသည်။

အိမ်မဲကြီးကိုတွယ်တက်နေသော နွယ်ပင်တို့မှာ အိမ်ကြီးကိုဖုံးမတတ်ဖြစ်လို့နေ၏။

တစ်ချိန်က ထိုအိမ်မဲကြီးမှာ အလွန်ကြွယ်ဝသော မိသားစုတစ်စုနေခဲ့ကြသည်။ အစေခံများ၊ အလုပ်သမားများဖြင့် စည်ကားပျော်ရွှင်စရာကောင်းသည့်အိမ်မဲကြီးဟာ အခုတော့လဲ ...

ရွာကလူများကလည်း ထိုအိမ်မဲကြီးနားကပ်ဖို့မပြောနှင့် အနားရောက်သည့်အခါ လှည့်တောင်မကြည့်ကြ ...



www.burmeseclassic.com

www.burmeseclassic.com



တချို့က ... အိမ်မဲကြီးမှာ ဒီနေ့ထိလူတွေရှိနေတုန်းလို့ပြောကြသ
တချို့ကလည်း နာနာဘာဝတွေနေတာပါလို့ပြောကြ၏။ အများထင်ချင်လည်
ထင်ချင်စရာ ထိုအိမ်မဲကြီးကိုမဆိုထားနှင့်ခြံထဲသို့ ခွေးတောင်မဝင်ရဲ ...

တစ်ခါက ယောင်မှားပြီး ခြံထဲဝင်သွားသည့်ခွေးတစ်ကောင်မှာ ငယ
ပါအောင်အော်ဟစ်ပြီးပြေးထွက်လာ၏။ ဘယ်သူကမှအနားမကပ်ရဲလောက်အော
ချောက်ချားစရာကောင်းသည့် အိမ်မဲကြီးမှာ နေသူတစ်ယောက်တော့ရှိသည်

ထိုသူကတော့ အရူးမလေးကြာဖြူ ...

အရူးမလေးကြာဖြူက အိမ်မဲကြီးမှာရှိတဲ့လူတွေရဲ့တစ်ဦးတည်းသေ
မျိုးဆက် ...

အိမ်မဲကြီးကလူတွေ ချောက်ချားစရာကောင်းလောက်အောင် တစ်
ပြီးတစ်ဦးသေဆုံးသွားကြပြီး တစ်ယောက်တည်းရှင်သန်၍ကျန်ခဲ့သူမှာ ကြာ
ပင်ဖြစ်၏။ ကြာဖြူ ရှစ်နှစ်သမီးလောက်မှာ အိမ်မဲကြီးမှလူတွေတစ်ယောက်မှမ
ကြတော့ ...

မည်သို့သော သွေးပျက်ထိတ်လန့်စရာတွေ ကြုံခဲ့သည်မသိ ကိုအခ
တည်းက ကြာဖြူကအရူးမလေးဘဝဖြင့် နေ့လည်ဆို ရွာထဲလျှောက်သွ
ဘုန်းကြီးကျောင်းမှာ ထမင်းစားနေခဲ့သည်။

ကြာဖြူကို ရွာကလူတွေက သနားလည်းသနား ကရုဏာလည်းသ
ကာ ပိုင်းဝန်းစောင့်ရှောက်ကြသည်။

ထိုသို့စောင့်ရှောက်သည့်လူများထဲတွင် ဝမ်းဆွဲသည်ဒေါ်ခင်ညို
ဂရုအစိုက်ဆုံးဖြစ်သည်။

ဒေါ်ခင်ညိုက ကလေးနှစ်ယောက်အမေ မုဆိုးမတစ်ယောက်ဖြ
ခြံလေးစိုက် ကြုံလျှင်ဝမ်းဆွဲသည်အလုပ်ကိုလုပ်ကာ အသက်မွေးသူဖြစ်သည

ကြာဖြူကလည်း ဒေါ်ခင်ညိုကိုခင်သည်။ ဒေါ်ခင်ညိုပြောလျှင်ရသည

အရူးမလေးပေမယ့် ဆိုးဆိုးရွားရွားအော်ဟစ်နေတတ်မျိုးမဟုတ်တေ
ရွာထဲကခင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူက တစ်ခါတရံ ကလေးများနှင့်ဆော့ကစား၍နေတတ်သလို တစ်ခါတလေ ရွာပြင်နှံ့သာကန်းပေါ်ရှိ ရွှေနှံ့သာလွမ်းစေတီလေးရင်ပြင်မှာ တစ်ယောက်တည်းထိုင်၍ ပဲခူးရိုးမတောတန်းကြီးကိုကြည့်၍ မျက်ရည်များကျလျှင် ကျနေတတ်သည်။

ကြာဖြူကို ဘယ်လိုမေးမေးမပြောတာကတော့ အိမ်မဲကြီးထဲက နာနာဘာဝတွေအကြောင်းနှင့် ပဲခူးရိုးမတောတန်းကြီးကိုကြည့်ကာ မျက်ရည်ကျရသည့်အကြောင်းတို့ပင်ဖြစ်သည်။

အခုဆိုလျှင် ကြာဖြူအသက်ဆယ့်ရှစ်နှစ်တောင်ကျော်ပြီလေပြီ ...

အရွယ်ရောက်လာတော့ ကိုယ်လုံးကိုယ်ပေါက်အရပ်တို့ထွက်လာသလို ဖြူဖွေးနေသောအသားအရည် လှပသည့်မျက်နှာပေါက်တို့မှာ ထူးခြားစွာလှပနေပေမယ့် စိတ်မနှံ့သူလေးမို့ ဘယ်ယောက်ျားကမှစိတ်မဝင်စား ...

ထို့အတွက်ကြောင့် ကြာဖြူဘဝအန္တရာယ်ကင်းလို့နေလေသည်။

"ဟော့ ... တော်ပြီနော် ... နောက်နေ့မှ ... အစ်မတော်ဆက်ပြီး အသုံးတော်ခံပါ့မယ်"

"နောက်တစ်ပုဒ်လုပ်ပါဦး အစ်မကြာဖြူရယ် အစ်မကြာဖြူကဝဂ ကြည့်ကောင်းလွန်းလို့ပါ"

"ဟုတ်တယ် ... ဟုတ်တယ်"

ကြာဖြူမောလွန်း၍ ကတာကိုရပ်လိုက်တာကို သံချောင်းကပြောလိုက်ရာ ကျန်ကလေးများက ဝိုင်း၍အော်လိုက်ကြသည်။

ကြာဖြူက ...

"ဒီနေ့တော့ ဒီလောက်ပဲတော်လိုက်ကြပါတော့ ... "

ပြောကာ အိမ်မဲကြီးရှိရာ ခြံထဲသို့ပြေးဝင်လို့သွားလေတော့သည်။

❖ ♍ ❖

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေကိုမြင်ဖူးသူရှားကြသည် ...

တစ္ဆေခြောက်တာကို ခံခဲ့ရသူပေါများကြသည် ...

သို့သော် ... တစ္ဆေက

ကိုယ်ထင်ပြ၍ခြောက်မည်ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

### ထန်းတောထဲကလူမိုက်

"သူကြီး ‒ ကြာဖြူလေးတောင်အရွယ်ရောက်လာပြီနော်"

ဆယ်အိမ်မှူးကိုသာချိုက သူကြီးကိုပြောလိုက်ရာ သူကြီးကရေနွေးကြမ်းသောက်နေရင်းမှ ခွက်ကိုအောက်သို့ချလိုက်ပြီး ...

"ဘာလဲကွ ... သာချို့ရဲ့ မင်းစကားက အရင်းမရှိအဖျားမရှိ ဘာကိုဆိုလိုတာတုန်း"

"သူကြီးကလည်းဗျာ ကျုပ်ကသဘောရိုးနဲ့ပြောတာပါ အရွယ်ရောက်လာတော့ သူ့အတွက်အန္တရာယ်တွေ ဘာတွေရှိမှာစိုးလို့ပါ"

ကိုသာချိုကပြောတော့ သူကြီးကခေါင်းတညိတ်ညိတ်လုပ်ရင်း တွေးကာငေးစားနေသည်။

"လူဆိုတာပြောလို့မရဘူးမလား သူကြီးရဲ့၊ ကြာဖြူကဦးနှောက်မကောင်းတော့ သူ့အန္တရာယ်ပေးမယ့်လူ မပေးမယ့်လူကို သိမှာမဟုတ်ဘူးလေ"

"မင်းပြောတာ မှန်တော့မှန်ပါတယ် သာချို၊ဒါပေမယ့်တို့ရွာကလူတွေအကြောင်း မင်းလည်းသိတာပဲ မဟုတ်တာဆိုဘာမှလုပ်ကြတာမှမဟုတ်ဘာ၊ ကြာဖြူကိုလည်း ဝိုင်းစောင့်ရှောက်ကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကပြောတော့ ဆယ်အိမ်မှူးကိုသာချိုက —

"နေ့ဘက်ကအရေးလား သူကြီးရယ်၊ ညဘက်ဆိုဘယ်လိုလုပ်မလဲ"

"ဟာ — သာချို မင်းကစိုးရိမ်လွန်နေပြီ ကြာဖြူက ညဆိုအိမ်မဲကြီးမှာ အိပ်တာလေ၊ အိမ်မဲကြီးရှိတဲ့ခြံကိုတောင် ဘယ်သူဝင်ရဲလို့လဲ စိုးရိမ်မနေပါနဲ့ ကွာ ... "

ကိုသာချိုစဉ်းစားလိုက်သည်။ သူကြီးပြောတာလည်းမှန်နေပြန်၏။

ထို့ကြောင့် ...

"ဟုတ်တော့လည်းဟုတ်တယ် သူကြီး။ တစ်ခါတစ်လေ ကျွန်တော်စဉ်းစားတယ် နာနာဘာဝတွေဟာ အရှူးတွေကိုဘာမှမလုပ်ဘူးထင်တယ်နော်"

"ဟာကွာ — အဲဒီအိမ်မဲကြီးက နာနာဘာဝတွေက သူ့အဖေအမေနဲ့အဘိုးအဘွားတွေဆိုတော့ သူ့ကိုဘာလုပ်မှာတဲ့လဲ"

သူကြီးစကားကမှန်နေပြန်တော့ ကိုသာချိုဘာမှမပြောသာတော့ —

သူ့ရှေ့လက်ဖက်ပန်းကန်ထဲမှ လက်ဖက်ကိုဇွန်းနှင့်ကလောကာယူစား လိုက်သည်။

ပြီးမှ ...

"အခုတလော ရွာမှာဘာတွေထူးခြားသေးလဲ ကိုသာချို"

"ထူးထူးခြားခြားရယ်လို့တော့ ဘာမှမရှိပါဘူး။ ဒါပေမယ့်ဟိုတစ်ညက ထေထင် စပါးနယ်ပြီးပြန်လာတော့ အိမ်မဲကြီးကအော်သံတွေကြားတယ်တဲ့ — "

"ဟင်"

သူကြီးအံ့သြသွားသည်။ ထေထင်ကအရက်သမား သူထင်ရာမြင်ရာကို လျှောက်ပြောတာလည်းဖြစ်မည်ဟု တွေးမိသည်။

"ဘယ်ညကလည်း သာချို"

"လပြည့်ညကလေ သူကြီးရဲ့၊ ထေထင်ကအရင်ဆို စပါးနယ်ပြီးရင်လယ် ထဲကတဲမှာပဲ အိပ်တာလေ — အဲဒီညကအရက်သောက်တာ လွန်သွားလို့ကွန် ဘာနဲ့ရွာထဲပြန်လာတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအသံတွေကြားတာလဲ"

သူကြီးကသေချာအောင်မေးလိုက်သည်။ ကိုသာချိုက ...

"ဟေး ... ဟေး ... ဟေး ဆိုတဲ့အသံကြားရပြီး အားသေပါပြီ လို့ငယ်သံပါအောင်အော်တဲ့အသံတဲ့ ...

သူလည်းကြောက်ကြောက်နဲ့ သူ့အိမ်ကိုပြေးချလာတာ အိမ်ရောက်တော့ အမောဆို့နေတယ်ဆိုပဲ ... "

"အင်း ... အရက်သမားစကား ယုံရခက်ဆိုတယ်မလား"

"သူကြီး ... ထေင်ကအရက်ကျိုးလေ သူများတွေလိုမူးရင်ကြားချင်ရာ ကြားတဲ့လူမှမဟုတ်တာ သေချာကိုကြားခဲ့လို့ပြောတယ်"

ကိုသာချိုက သူကြားခဲ့သမျှကို သူကြီးအားအသေအချာကိုရှင်းပြလိုက်သည်။

သူကြီးကိုယ်တိုင်ကလည်း အိမ်မဲကြီးအကြောင်းကို မသိလို့တော့မဟုတ်ပါ။ သို့သော် ရပ်ရွာအုပ်ချုပ်သည့်သူကြီးဆိုတော့ အများထင်ကြေးပေးတာကို လိုက်ယုံ၍ရတာမဟုတ် စဉ်းစားဆင်ခြင်ရသည်မဟုတ်ပါလား ...

"အေးကွာ ... အိမ်မဲကြီးထဲကကြားရတာ ပြဿနာသိပ်မရှိပါဘူး။ ရပ်ရွာထဲရောက်မလာရင်ပြီးတာပဲ"

"ဩော် ... သူကြီးကိုမေးရဦးမယ် ဟိုတစ်လောကအရေးပိုင်မင်း တောအုပ်ဘက်လာမယ်ဆိုတဲ့ကိစ္စ ဘယ်လိုလဲ သူကြီး"

"အခုရက်ပိုင်းလာမှာ သာချိုရဲ့အရေးပိုင်မင်းလာရင် နေရေးစားရေး အဆင်ပြေအောင်စီစဉ်ရဦးမယ်၊ ရွာထဲကလူတွေကိုလည်းပြောလိုက် လမ်းကအစ အိမ်ထဲအဆုံး သန့်ရှင်းရေးလုပ်ထားကြလို့"

"ဟုတ်ကဲ့ ... သူကြီး ... ဟုတ်ကဲ့"

အရေးပိုင်မင်းက သူတို့ရွာကိုလာခဲလှသည်။ အရေးပိုင်မင်းရောက်လာ လျှင် သူကြီးကလိုလေးသေးမရှိအောင် ပြုစု၍ရွာအတွက်လိုအပ်တာကိုတောင်း ဆိုမည်ဟုတွေးထားဧ။



www.burmeseclassic.com

www.burmeseclassic.com



ရွာက ကလေးတွေကျောင်းတက်လျှင် ထန်းပင်ကုန်းမှာသွားတက်ရသည်။ သူတို့ရွာမှာ မူလတန်းကျောင်း တစ်ကျောင်းလောက်တော့ရှိစေချင်သည်။

အရေးပိုင်မင်း သစ်ဝန်ထောက်တို့က တစ်နှစ်တစ်ခါဆိုသလို ရိုးမတောထဲရှိ သစ်ထုတ်လုပ်ရေးစခန်းသို့ လာလေ့ရှိသော်လည်း သူတို့ရွာမှာမတည်းကြ။

အခုတော့ ...

ဘာစိတ်ကူးရသည်မသိ သူတို့ရွာမှာတစ်ညအိပ်တည်းမည်ဟု အကြောင်းကြားထားသည်။

အရေးပိုင်မင်းလာတုန်း ရွာအတွက် ကျောင်းလေးတစ်ကျောင်းဆောက်ခွင့်ရအောင် တောင်းဆိုလိုက်မည်ဟု သူကြီးတွေးထားလိုက်တော့သည်။

❖❖



www.burmeseclassic.com

www.burmeseclassic.com

ရွာအနောက်ဘက် ထန်းတောထဲမှာ သံနိုင် ဝေထုံ ခွေးဆိုးတို့သုံးယောက် ထန်းရည်ကို တစ်မြူးပြီးတစ်မြူးသောက်ကာ မူးရမ်းလို့နေကြသည်။

"ကိုကြီးသာစန်း နောက်တစ်မြူးလောက်လာချပေးစမ်းပါ ပဲကြီးလှော် လည်းယူခဲ့နော်"

သံနိုင်က အာလေးလျှာလေးဖြင့် ထန်းပင်ပေါ်ကဆင်းလာသည့် ကိုသာစန်းက ...

"မင်းတို့များနေပြီ သံနိုင် မနက်တည်းကသောက်နေတာ နည်းမှ မနည်းတာ"

"ဟာ _ ပိုက်ဆံပေးသောက်တာ ဘယ်လောက်သောက်သောက်ပေ ချမှာသာချစမ်းပါ"

"ဟင်း"

ကိုသာစန်းက သက်ပြင်းကိုချကာ ခေါင်းကိုခါလိုက်သည်။

သံနိုင်ကမူးလျှင်သွေးဆိုးပြီး ထင်ရာလုပ်တတ်ကာစဉ်းစားဉာဏ် တော့ ...

မိဘများက ရွာမှာလယ်ပိုင်ယာပိုင်တွေနဲ့ဆိုတော့ စီးပွားရေးချောင်လည် ကြသလို သံနိုင်အဖေ ကိုဘခင်ကသစ်ပွဲစားအလုပ်ဖြင့် ဝင်ငွေကောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူတို့ရဲ့တစ်ဦးတည်းသောသား သံနိုင်ကရွာမှာထင်တိုင်းကိုကြွလို့နေသည်။

"ရော့ ... ဒီအိုးပဲရှိတော့တယ်"

"ဟာဗျာ ... ကိုကြီးသာစန်းကလည်း ဒီထန်းတောက ထန်းရည် ဒီလောက်ကျတာ မနောက်ပါနဲ့"

"ကျန်တဲ့ ထန်းရည်က ထန်းလျှက်ချက်ဖို့ချန်ထားရတယ်ကွ၊ မြို့က ပွဲရုံကိုဖောက်သည်အပျက်မခံနိုင်ဘူး"

ကိုသာစန်းက ခပ်မာမာပြောတော့ သံနိုင်ငြိမ်သွားသည်။ ကိုသာစန်း ဆိုတဲ့လူက လူဖြောင့်စိတ်တိုသလို လက်ကလည်းယဉ်လှသည်။

မထင်လျှင်မထင်သလို ထချတတ်တာကြောင့် သံနိုင်တို့အုပ်စုအနည်း ငယ်ကျွတ်ကြ၏။

ငထုံက ထန်းရည်ကိုအုန်းမှုန့်ခွက်ဖြင့် တစ်ခွက်ခပ်သောက်ပြီး ...

"သံနိုင် ဒီရွာမှာဘယ်သူအလှဆုံးလို့မင်းထင်လဲ"

"ငထုံ မင်းကနာမည်နဲ့လိုက်အောင်ထုံတယ်၊ ဘယ်သူရှိမလဲကွ သူကြီး သမီးခင်တင့်ကအလှဆုံးပေါ့"

ငထုံက မူးမူးနှင့်ခေါင်းခါလိုက်သည်။

"မင်းမှားသွားပြီ သံနိုင် ... ခင်တင့်ကလှတော့လှတယ် ဒါပေမယ့် သူ့အလှကမပြည့်စုံဘူး အပြည့်စုံဆုံးလှတာ တို့ရွာမှာတစ်ယောက်တည်းရှိတယ်"

"ဟင် ... ဘယ်သူလဲ"

သံနိုင်ကရီဝေသောမျက်လုံးဖြင့် ငထုံကိုကြည့်လိုက်သည်။ ငထုံဘောက ခွေးဆိုးကတော့ ခေါင်းအောက်သို့စိုက်လို့နေလေပြီ ...

"ဘယ်သူရှိမလဲသံနိုင်ရဲ့ ... အရှုံးမလေးကြာဖြူလေ ဘယ်လောက်လှ လိုက်လဲ အပြစ်ပြောစရာဘယ်နေရာရှိလဲ"

"အင်း"

သံနိုင်မျက်လုံးထဲတွင် ကြာဖြူရဲ့ပုံကိုပြေးမြင်လိုက်၏။

---

www.burmeseclassic.com



"ဒီတစ်ခေါက်မင်းတော်သွားပြီ ထုံ၊ ကြာဖြူကတကယ်လှတာကွ အင်း ... ဒါပေမယ့် သူကရှူးနေတော့ခက်တယ်"

သံနိုင်က မူးမူးနှင့်ပြောချင်ရာပြောလို့နေသည်။ ခွေးဆိုးကဝင်၍

"ဟော့ကောင်တွေ ပေါက်ကရမပြောနဲ့နော်၊ ကြာဖြူအကြောင်းလည်း သိသားနဲ့ သူ့အိမ်ထဲက နာနာဘာဝတွေက မင်းတို့ကိုကုပ်လာချိုးလိမ့်မယ်"

"သွားစမ်းပါ ခွေးဆိုးရယ် ... နာနာဘာဝ သရဲတစ္ဆေတွေ သံနိုင်နဲ့ တွေ့ရင် လေးဘက်ကုန်းပြီးတောင်ပြေးရဦးမယ်"

သံနိုင်က လေသံမာမာနှင့်ပြောတော့ ခွေးဆိုးလည်း ဘာမှဆက်မပြော ပဲနေလိုက်သည်။

သူတို့ဝိုင်းထဲက ထန်းရည်အိုးထဲမှာထန်းရည်မရှိတော့ ...

ညနေစောင်းနေကလည်း ညိုလို့လာနေပြီ လူတွေကလည်းမတ်တတ် တောင်မနည်းရပ်နေရ၏။

"ကိုကြီးသာစန်းရေ ပိုက်ဆံဒီမှာထားတဲ့တယ်ဗျို့ ကျုပ်တို့သွားပြီ"

"အေး ... အေး"

ကိုသာစန်း ထန်းတောထဲမှာ တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ထွက်လာကြသည်။

ရွာလယ်လမ်းမတစ်လျှောက် ယိုင်ထိုးထွက်လာကြရာ ရွာထဲကခွေးတွေ တောင် သူတို့ကိုမဟောင်ရဲ ဟောင်တဲ့ခွေးကဘာဝပြောင်းသွားမှာသေချာသည် လေ ...

❖၂❖

www.burmeseclassic.com

www.burmeseclassic.com

အချစ်လမ်းဟာ

အင်မတန်ကြောက်စရာကောင်းသည်။

ထိုအချစ်လမ်းကြောင့် ...

ခန္ဓာချုပ်သွားလည်း မကျွတ်နိုင်သေးတာကို

တစ္ဆေလို့ပြောနေကြသည်လေ ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လကွယ်ညဖြစ်တာကြောင့် မဲမှောင်လို့နေသည်။ ရွာထဲကလူတွေက ညဦးနက်အောင်သိပ်မနေကြ မှောင်တာနှင့်မီးခွက်ထွန်း တစ်ဦးနဲ့တစ်ဦး စကားခဏပြောကာ အိပ်ယာဝင်ကြသည်သာဖြစ်သည်။

ဒါဟာလည်း ရွာရဲ့ဓလေ့ထုံးစံပါ။ မနက်အရုဏ်တက်တာနဲ့အိပ်ရာကထ လုပ်စရာရှိတဲ့ ကိုယ်စီအလုပ်ကိုလုပ်ကြသည်လေ ...

ရွာနောက်ပိုင်း ကိုလေးဝရဲ့တဲထဲမှာ သံနိုင်၊ ငထုံ ခွေးဆိုးတို့သုံးယောက် မီးတောက်အရက်ကို အဝသောက်ပြီး ရွာထိပ်သို့ထွက်လာကြ၏။

"ဟော့ကောင် သံနိုင် အပြောသာလွယ်တာနော် တကယ်တမ်းကြရင် ဩနားရောက်တာတောင် လန့်ချင်နေပြီ"

ခွေးဆိုးက လှမ်းမြင်နေရသည့် အိမ်မဲကြီးကိုကြည့်ကာပြောလိုက်သည်။

"မင်းမလိုက်ချင်နေခဲ့လေ တို့အခုသွားမယ့်နေရာမှာဘာလုပ်ဖို့လည်း ဆိုတာ မင်းသိတယ်နော် ဟဲ ဟဲ ... "

သံနိုင်ကပြောတော့ ခွေးဆိုးရဲ့မျက်လုံးတွေအရောင်လက်သွားသည်။

"အေးပါကွာ ... အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ခွေးဆိုးငြိမ်နေလိုက်သည်။ ထေ့ံက သံနိုင်ဘာလုပ်လုပ်အကုန်လုပ်ပေး
မည့်သူ သူတို့တွေကဆိုးဖော်ဆိုးဖက်တွေ ရွာထဲမှာ မိဘကပိုက်ဆံရှိတော့တော်
ရုံအပြစ်ကို ငွေနှင့်ဖုံးလိုက်သည်လေ ...

အိမ်မဲကြီးရှိတာ ခြံနားရောက်လာတော့ ထေ့ံက

"အသံမထွက်စေနဲ့နော် တိုးတိုး"

"အေးပါ"

သံနိုင်ကလေသံဖြင့်သာပြန်ပြောသည်။ ခြံတစ်ခုလုံးမြက်ရိုင်းများပေါက်
နေသော်လည်း ကြာဖြူအဝင်အထွက်လုပ်ရာ လမ်းကလေးကတော့ဖြောင့်လို့နေ
၏။

"ငါကြက်သိန်းတွေထတယ်"

"ဟာ ... ခွေးဆိုးကတော့လုပ်တော့မယ် နိမိတ်မရှိ ... "

ထေ့ံကခွေးဆိုးကို လှမ်း၍ဟောက်လိုက်သည်။ ခြံထဲသို့တရွေ့ရွေ့လှမ်း
လာရင်း အိမ်မဲကြီးနားဆီသို့ကပ်ကာလာခဲ့သည်။

အလင်းရောင်မရှိ၍ မဲမှောင်နေသောအိမ်မဲကြီးမှာ တွယ်တက်နေသော
နွယ်ပင်များဖြင့် ရှုပ်ထွေးလို့နေသည်။

"ဂီး ... "

"ဟင်"

ငှက်ဆိုးတစ်ကောင်ရဲ့ အော်မြည်သံကြောင့်ခွေးဆိုးက သံနိုင်ပခုံးကို
ဖက်လိုက်၏။

"ညဥ့်ငှက်အော်တာပဲကွာ ဘာကြောက်စရာရှိလဲ"

"အေး ... အေးပါ ... "

ထေ့ံက အိမ်မဲကြီးအဝင်တံခါးပေါက်ကို မျက်လုံးဖြင့်ဝေ့ကာရှာနေသည်
တွေ့ပြီဆိုတော့ ...

"ဟိုမှာတံခါး လာအထဲဝင်ရအောင်"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ငထုံကရှေ့ဆုံးမှနေ၍ ရေနီဆီမီးခွက်ကိုအုပ်ဆောင်းဖြင့်ဆောင်းကာ တံခါးနားသို့ကပ်လာ၏။

အဲဒီနောက်မှာ တံခါးကိုလက်နှင့်အသာတွန်းလိုက်သည်။

"ကျွီ ..."

အိမ်မဲကြီး၏ အဝင်အဝတစ်ခုလုံးမဲမှောင်လို့နေသည်။ ငထုံလက်ထဲ ကိုင်ထားသော ရေနံဆီမီးခွက်အလင်းကြောင့် အလင်းရောင်ရသည့် နေရာတ စိုက်ကိုမြင်နေရသည်။

"ဟာ ... အထဲကသပ်သပ်ရပ်ရပ်ပါလား"

သံနိုင်ကပြောလိုက်ရာ ငထုံက ...

"ဟိုအရှုံးမက ရှင်းထားတာနေမှာပေါ့ အဲဒါကအရေးမကြီးဘူး အရှုံး မကိုရှာမယ်"

"အေး"

အတွင်းဧည့်ခန်းမှာလိုက်ရှာတော့ အခန်းထောင့်တွင်ခုတင်တစ်လုံးကို တွေ့ရသည်။

ထိုခုတင်ပေါ်တွင် ကြာဖြူကသူ့ကိုကျောပေးလျက် အိပ်လို့နေ၏။

"ဟာ ... ဟိုမှာ ကြာဖြူ"

"အေး _ ဟုတ်တယ် အနားကိုဖြည်းဖြည်းသွားနော်၊ တော်ကြာလန့် အော်နေဦးမယ်"

"အော်လည်းဘယ်သူတွေကြားမှာလဲ ခွေးဆိုးရယ်အော်ချင်သလောက် သာအော်ပါစေ သံနိုင်နဲ့တွေ့ရင်ငြိမ်သွားစေရမယ်"

"ယုံပါတယ်ဗျာ ယုံပါတယ်"

သူတို့သုံးယောက် ကြာဖြူအိပ်နေရာခုတင်နားဆီသို့ တဖြည်းဖြည်းခြင်း တိုးကပ်လို့လာသည်။

ကြာဖြူကတော့ ဘာမှမသိရှာ အိပ်ပျော်နေရှာသည်။ သံနိုင်တို့တဖြည်း ဖြည်းနှင့်ကြာဖြူခုတင်နားရောက်လာသောအခါ ငထုံက သံနိုင်ကိုမေး

www.burmeseclassic.com



ဆက်ပြလိုက်သည်။

သဘောက ဆွဲလှည့်လိုက်ဆိုသည့်သဘော —

သံနိုင်က သဘောပေါက်စွာခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် …

ခုတင်ဘေးသို့ကပ်၍ တစ်ခြမ်းစောင်းအိပ်နေသော ကြာဖြူကိုယ်ကို ဆွဲလှည့်လိုက်ရာ …

"အမလေး … "

"ဟာ … "

"ဘာကြီးလဲ"

သုံးယောက်သား မျက်နှာကြီးကိုကြည့်၍ ကြက်သေ,သေလို့သွားသည်။

အလွန်ကြောက်စရာကောင်းလှသည့် မျက်နှာကြီးနှင့်ကြာဖြူဟုထင်ရလောက်အောင် ကိုယ်နေကိုယ်ထားတူနေသည့် မိန်းကလေးက ခုတင်ပေါ်မှာ ထလာသည်။

"ဟီး … ဟီး … "

"ဟာ … သ … သ ရဲ … ပြေး"

ပထမဆုံးသတိဝင်လာတာက ငထုံ — သံနိုင်ပခုံးကိုပုတ်လိုက်သလို ခွေးဆိုးလက်ကိုဆွဲကာလှည့်ပြေးလာသည်။ အိမ်တံခါးဝရောက်တော့ အနက်ရောင် ခေါင်းကြီးက ကန့်လန့်ပိတ်လို့နေသည်။

လွန်စွာချောက်ချားနေစဉ် ခုတင်ပေါ်မှချောက်ချားစရာကောင်းလှသည့် မျက်နှာနှင့်မိန်းကလေးကသူတို့နောက်သို့ တရွေ့ရွေ့ကပ်လာ၏။

"ငထုံ … ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှလုပ်မနေနဲ့ အခေါင်းကိုကျော်ပြီးပြေးမယ် သံနိုင်"

"အေး"

ငထုံကရှေ့မှ အခေါင်းကိုလွှားခနဲကျော်ကာပြေးတော့ သံနိုင်ကပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကျော့်၍ပြေးသည်။

ခွေးဆိုးအလှည့်ရောက်တော့ ...

"အား"

ခြေထောက်တစ်ချောင်းက အခေါင်းထဲကျလို့သွားသည်။

"ဟော့ကောင်တွေ နေကြဦး"

"ဟာ ... ဒီကောင်ကတစ်မျိုး"

သံနိုင်က ခွေးဆိုးလက်ကိုကိုင်၍ ဆွဲလိုက်သည်။

"အ ... အထဲမှာ ပျော့စိစိနဲ့အလောင်းလားမသိဘူး"

"နောက်မှပြော ပြေးမယ်"

ခွေးဆိုးလည်း ကျွံနေသည့်ခြေထောက်အပြင်ဘက်ရောက်လာ၍ ငထုံ သံနိုင်တို့ပြေးရာနောက်သို့ပြေးလိုက်လာသည်။ အိမ်မဲကြီးထဲမှာတော့ ...

"ဟီး ... ဟီး ... "

ကြောက်စရာကောင်းလွန်းလှသည့် ရယ်မောသံကြီးထွက်ပေါ်လို့လာသည်။

သံနိုင်၊ ငထုံနှင့်ခွေးဆိုးတို့ကတော့ နောက်သို့ပင်လှည့်မကြည့်ရဲ ခြံအပြင်ရောက်အောင်ပြေးကာ ရွာထဲသို့ပြေးဝင်လာခဲ့တော့သည်။

❖ ❖

www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝ မကောင်းဆိုးဝါးကို
နိုင်နင်းသည့် နည်းအမျိုးမျိုးရှိသည်။
ထိုနည်းတွေထဲမှာ မကောင်းဆိုးဝါးကိုမွေးပြီး
တန်ပြန်ဖယ်ထုတ်သောနည်းမှာ
အလွန်တရာရက်စက်သည်ဟု . . .
ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**ဝေယျာဝစ္စရဲ့ကြိမ်လုံး**

"အဖေ ... ဟိုအရှုံးမကြာဖြူကလူမဟုတ်ဘူး"

"ဟော ... "

သားဖြစ်သူသံနိုင်ရဲ့စကားကြောင့် ဦးဘခင်မျက်လုံးပြူးလို့သွားသည်။

"ကျွန်တော် တကယ်ပြောတာအဖေ၊ မနေ့ညက သားတို့အိမ်မဲကြီးရှိတဲ့ခြံနားကပြန်လာတာ ကြာဖြူမျက်လုံးကကြောက်စရာကောင်းလိုက်တာ အဖေရယ်"

သံနိုင်က သူတို့အိမ်ထဲဝင်ခဲ့တာကိုတော့မပြော ...

"မင်း မှူးမှူးနဲ့မြင်ချင်ရာတွေမြင်နေလို့ နေမှာပါ သားရယ်"

"မဟုတ်ဘူး အဖေ ... ငတုံးနဲ့ခွေးဆိုးပါပါတယ်အဖေ၊ မယုံရင်သူ့ကိုပါမေးကြည့်"

"အင်း ... "

ဦးဘခင်စိတ်ထဲ ကြာဖြူကိုသံသယဖြစ်သွားသည်။ သူ့သားသံနိုင်က ဘယ်အရာကိုမှ ကြောက်တတ်တာမဟုတ် ...

အခုတလောအရက်လည်းမသောက် အိမ်မြဲကာအမြတ်တလေနဲ့ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ဦးဘခင်စိုးရိမ်လာသည်။

"သားပြောတာ ဟုတ်ချင်ဟုတ်မှာပါ ကိုဘခင်ရယ်၊ အဲဒီအိမ်မဲကြီးကလူတွေ အသေဆိုးနဲ့သေသွားကြတာမလား ...

အလောင်းတောင်သူတို့ခြံထဲမြှုပ်ထားကြတာလေ၊ အခုရှုံနေတဲ့ ကြာဖြူတစ်ယောက်ပဲကျန်ခဲ့တာမလား"

သံနိုင်အမေ ဒေါ်မြအေးကဝင်ပြောတော့ ဦးဘခင်က ...

"အေးလေ အဲဒီတော့ဘယ်လိုလုပ်ကြမလဲ၊ ရွာကိုလည်းဒုက္ခပေးတာဟုတ် မင်းသားပဲတွေ့ခဲ့တာဆိုတော့ ... "

"ရှင် သူကြီးကိုသွားပြောပေါ့ နောက်ဆိုရွာကိုပါဒုက္ခပေးချင်ပေးနေမှာ"

"ဟာကွာ လက်တွေ့ဘာမှမဖြစ်ဘဲ သူများသွားပြောလို့ရမလား"

သံနိုင်က သူ့ဖခင် ဦးဘခင်အား ...

"အရှုံးမက ကလေးတွေနဲ့အနေများတယ်တော်ကြာ ကလေးတွေကိုအစ်ခုခုလုပ်လိုက်မှဖြင့်ဗျာ ...

သူကြီးကိုပြောပြီး အိမ်မဲကြီးထဲကအပြင်မထွက်နဲ့လို့ဆိုပြီး လုပ်ထားသာအကောင်းဆုံးပဲ"

"အေးလေ ... ရပ်ရွာဒုက္ခရောက်မယ့်ကိစ္စဆိုရင် ငါသူကြီးနဲ့တိုင်ပင်ဦးမယ်"

ဦးဘခင်ကပြောလိုက်တော့ သံနိုင်တို့သားအမိကျေနပ်သွားကြသည်။

"အမေ ကျွန်တော်ငထုံတို့ဆီသွားဦးမယ်"

"ထမင်းစားချိန်ပြန်လာနော်သား အမေသားကိုစောင့်နေမယ်"

ဒေါ်မြအေးက အိမ်ပေါ်မှဆင်းသွားသော သံနိုင်ကိုလှမ်းပြောပေမယ့်သံနိုင်ကလှည့်မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။ ဦးဘခင်က ...

"မင်းသားထွက်သွားပြီ ဘယ်တုန်းကမှာတဲ့အတိုင်းပြန်လာလို့လဲကွာ"

"ရှင်ကလည်း ... သားကိုအကောင်းကိုမမြင်ဘူး အခုတလောကလေး ဘယ်လောက်လိမ္မာနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ ... မင်းသားက ခွေးမြီးကောက်ကျည်တောက်စွပ် ကောင်းအောင်နေရင်ခဏပဲ ပြီးရင်ဆိုးတာပဲမလား"

ဦးဘခင်ပြောပြောဆိုဆိုနှင့် အိမ်ပေါ်မှဆင်းသွားရာ ဒေါ်မြအေးက မျက်နှာမဲ့ရွဲ့၍ကျန်ခဲ့လေတော့သည်။

❖ ကျ ❖



www.burmeseclassic.com

www.burmeseclassic.com

သံနိုင် ထုံကိုသူတို့တဲသွားကြည့်တာ မတွေ့တာနှင့် ကိုသာစန်းထန်း တောထဲသို့ထွက်လာခဲ့သည်။

"သံနိုင် မင်းကတစ်ယောက်တည်းလား ဟိုနှစ်ကောင်ကောမပါဘူး လား"

"ခွေးဆိုးကတော့ မသိဘူး ကိုကြီးသာစန်းရေ ... ထုံကိုသူတဲသွား ကြည့်တာမတွေ့ဘူး ... သူတို့မရှိတော့ တစ်ယောက်တည်းအဝသောက်ရတာပေါ့ ထန်းရည်တစ်မြူချဗျာ"

"အေး ... "

သံနိုင်က ဝါးစားပွဲမှာဝင်ထိုင်ရင်း ပြောလိုက်သည်။ ကိုသာစန်းထန်း ရည်ဆိုင်မှာ ထန်းရည်သောက်သူတချို့နှင့် စည်ကားလို့နေသည်။

သံနိုင်ကတော့ တစ်ယောက်တည်းထန်းရည်သောက်လိုက် ပဲကြီးလှော် ဝါးလိုက်လုပ်နေသည်။

"ဒီရွာကအိမ်မဲကြီးမှာ သရဲရှိတယ်လို့ပြောတယ်"

"ရွာထိပ်က အိမ်မဲကြီးကိုပြောတာလား"

"အေး"

သံနိုင် နောက်တက်ဝိုင်းကပြောနေသည့် စကားတို့ကိုကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သံနိုင်လှည့်ကြည့်လိုက်တော့ သူတစ်ခါမှမမြင်ဖူးသည့် လူများဖြစ်တာကြောင့် တခြားရွာသားတွေပဲဖြစ်မည်ဟုတွေးထင်လိုက်သည်။

ဘာတွေဆက်ပြောမလဲ နားစွင့်နေလိုက်၏။

"သရဲတစ္ဆေများကွာ တို့ဆရာကအေးဆေးပဲ ဆရာ့ကြိမ်လုံးနဲ့ထိရင် ဘယ်အကောင်မှမခံနိုင်ပါဘူး"

"မင်းဆရာက ဘာဆရာလဲ"

တစ်ယောက်ကမေးတော့ ကျန်တစ်ယောက်က _

"ဂိုဏ်းဆရာကွ အရမ်းစွမ်းတာ မင်းမယုံရင်လိုက်ခဲ့၊ ဆရာ့ရဲ့ဆေးကြိမ်လုံးနဲ့ရိုက်လိုက်တာနဲ့ ဘယ်လောက်ဆိုးတဲ့သရဲဖြစ်ဖြစ် ငြိမ်ကိုကျသွားတာ"

"မင်းဆရာက တကယ်စွမ်းတယ်ပေါ့"

"စွမ်းတာပေါ့ကွာ ဘာလဲမယုံလို့လား"

ထန်းရည်မူးမူးနဲ့တစ်ဘက်ဝိုင်းကအသံက ပို၍ကျယ်လောင်လာသည်။

"စွမ်းတယ်ဆိုရင် ဒီရွာထိပ်ကအိမ်မဲကြီးမှာ တစ်ညအိပ်နိုင်းကြည့်ကွာ မင်းဆရာကပဲတစ္ဆေကိုနှိမ်နင်းမလား၊ တစ္ဆေသရဲတွေကပဲ ဝိညာဉ်နှုတ်သွားမလား ကြည့်ကြသေးတာပေါ့"

"ဘာလဲကွ မင်းကငါ့ဆရာကိုအထင်သေးတာလား"

စကားဝိုင်းကတဖြည်းဖြည်းအရှိန်မြင့်လာရာ ဒေါသတွေပါလာသည်။

ထိုစဉ် ...

သံနိုင်ခေါင်းထဲ ရုတ်တရက်အကြံတစ်ခု လက်ခနဲပေါ်လို့လာသည်။

ထို့ကြောင့် ...

သူထိုင်နေသည့်နေရာမှထ၍ ထိုဝိုင်းသို့သွားပြီး ...

"ဒီကနောင်ကြီးတို့ပြောတဲ့စကားကို ကျွန်တော်ကြားလို့ထလာတာပါ ထိုင်မယ်နော်"

"ဩော် ... အေး ... ထိုင်ပါ"

သံနိုင်က သူတို့ဝိုင်းထဲဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးပြောတဲ့ သရဲတစ္ဆေနိုင်တဲ့ဆရာဆိုတာ တကယ်လား"

"တကယ်ပေါ့ကွ ... ငါ့ညီက ဘာစမ်းချင်လို့လဲ"

ဆရာရှိသည်ဆိုသည့်တစ်ယောက်က သံနိုင်ကိုမေးလိုက်သည်။

"အိမ်မဲကြီးထဲမှာ နာနာဘာဝတွေတကယ်ရှိတာဗျ၊ ကျွန်တော့်လက်တွေ့ပဲ တစ်ခုတော့ရှိတယ် အဲဒီအိမ်မဲကြီးညဘက်အိပ်တဲ့အရှူးမက နေ့ဘက်ဆိုအကောင်း ညဘက်ဆိုကြောက်စရာ မျက်နှာကြီးဖြစ်သွားတယ်"

"ဟာ ... ဟုတ်လား"

"ကျွန်တော်ကလက်တွေ့သမား မယုံလို့ ညဘက်ဝင်ကြည့်တော့ဟာဗျာ ပြောရင်းကြက်သီးထလာတယ်"

လူစိမ်းနှစ်ယောက်က သံနိုင်စကားကို ပို၍စိတ်ဝင်စားသွားသည်။ တစ်ယောက်က ...

"အရူးမက နေ့ဆိုရွာထဲမှာရှိလား"

"ရှိတယ် ဆရာသာခေါ်လာခဲ့ဗျာ အဲဒီအိမ်ထဲက သရဲတစ္ဆေတွေကို အပြတ်ရှင်းမယ်"

"ရတယ် ... အစ်ကို ဆရာကဒါမျိုးကိုပိုပြီးတော့စိတ်ဝင်စားတယ်၊ သင်္ချိုင်းတွေမှာတောင် အမိဋ္ဌာန်ဝင်ခဲ့တာ"

တစ်ယောက်က အားရပါးရပြောတော့ ကျန်တစ်ယောက်က ...

"ငါ့ညီ ဒီရွာသားမလား နာမည်က ... "

"သံနိုင်လို့မေးလိုက် တစ်ရွာလုံးသိတယ်၊ ဆရာသာခေါ်လာစမ်းပါဗျာ"

"စိတ်ချ ငါ့ညီ ခေါ်လာမယ်၊ အစ်ကို့နာမည်ကမျိုးမြင့် သူ့နာမည်က ဖော်ကြီး ပေါက်ကုန်းရွာက ... "

"ဟုတ်ပြီ သောက်အစ်ကို အဝသာသောက် ကျသလောက်ကျွန်တော်ရှင်းမယ်၊ အင်း ... အိမ်မဲကြီးကဟာတွေ ထမင်းသာဝအောင်စားထားဟေ့"

"ဟား ... ဟား ... ဟား"

သံနိုင်ကကြွေးကြော်လိုက်တော့ ပေါက်ကုန်းရွာသားနှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ရယ်လိုက်ကြသည်။

"ငါ့ညီက အိမ်မဲကြီးကာသရဲတစ္ဆေတွေကိုအတော်မုန်းနေတာပဲ"

"မုန်းတာပေါ့ဗျ ကျွန်တော်တို့ကိုခြောက်လှန့်လိုက်တာ ကံကောင်းလို့ မသေတာပေါ့"

"အေးကွာ … ငါ့ညီဆန္ဒပြည့်စေရမယ်"

သံနိုင်က ပေါက်ကုန်းရွာသားနှစ်ယောက်နှင့် ထန်းရည်ကိုတစ်မြုံပြီးတစ်မြုံသောက်ကာနေတော့သည်။

❖ ။ ❖



www.burmeseclassic.com

www.burmeseclassic.com

ဘဝတွေနီးလွန်းလျှင်

သို့မဟုတ် ...

ဘဝဟောင်းကဆုတောင်းပြည့်လျှင်

ဘဝသစ်ကိုဘဝဟောင်းကအတိုင်း

ပြန်စတတ်ကြရအံ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

**တရွာဆောက်တဲ့အိမ်**

အရေးပိုင်မင်းအခုမနက်ရောက်မည်ဆိုတော့ သူကြီးနှင့်အတူဆယ်အိမ်မှူးများ ဦးဘခင်ကဲ့သို့ရွာမျက်နှာဖုံးများကရွာထိပ်မှာ ဝတ်ကောင်းစားလှတွေဝတ်ပြီး ထွက်ကြိုကြသည်။

"အရေးပိုင်မင်းရောက်လာရင်တော့ ရွာအတွက်စာသင်ကျောင်းလေးတစ်ကျောင်းဆောက်ခွင့်ရဖို့တောင်းရမယ်"

"အရေးပိုင်မင်းတို့စားဖို့သောက်ဖို့ စီစဉ်ပြီးပြီလားသူကြီး"

ဦးဘခင်ကမေးတော့ သူကြီးက ...

"စီစဉ်ပြီးပြီ ကိုဘခင်၊ ကြက်၊ ဝက်၊ အမဲအစုံပဲ ချက်အရက်လေးတောင် ပါသေးတယ်၊ သူတို့လူမျိုးက ယမကာလေးမက်တယ်မလား"

"ဟုတ်တယ် သူကြီး"

ရွာထိပ်ကနေလာမည့် အရေးပိုင်မင်းတို့ကို သူကြီးတို့လူစုကတမျှော်မျှော်ဖြစ်နေကြသည်။

သိပ်မကြာပါ လှည်းသုံးစီးကိုခပ်ရေးရေးလှမ်းမြင်လိုက်ရ၏။

တဖြည်းဖြည်းနှင့်လှလုံးကွဲအောင် မြင်ရတော့ ရှေ့ဆုံးလှည်းကအရေး

www.burmeseclassic.com

www.burmeseclassic.com



ပိုင်မင်းမစ္စတာကာလစ်ဆင် သစ်တောဝန်ထောက်ဦးလှဖေတို့ကလှည်းတစ်စီး–

အဲဒီနောက်မှာ အင်ရေးပိုင်မင်းရဲ့သက်တော်စောင့် လက်နက်ကိုင်ပုလိပ်ငါးယောက်က လှည်းနှစ်စီးပေါ်၌မျှကာပါလာသည်။

ရှာထိပ်ရောက်တော့လှည်းများကို ရပ်လိုက်ရာ သူကြီးကအနားသို့ အပြေးအလွှားသွားကြိုကြသည်။

“အရေးပိုင်မင်းကြွပါ ခင်ဗျာ၊ ကြွပါ”

“ဟဲလို သူကြီးနေကောင်းတယ်နော်၊ မတွေ့တာအတော်ကြာပြီပဲ”

မစ္စတာကာလစ်ဆင်က သူကြီးအားအားပါတရနှုတ်ဆက်လိုက်သည်။

“ကောင်းပါတယ် အရေးပိုင်မင်းရှာမှာ အေးအေးဆေးဆေးနားပါ”

“နားမှာပါ သူကြီးအခုတစ်ခေါက်အလုပ်များတယ် တောထဲကသစ်တွေနဲ့ခုတ်လို့ရမယ့် သစ်တွေကြည့်ရအုံးမယ်လေ”

“ကြွပါဗျာ ... ကြွပါ”

သူကြီးကဦးဆောင်ကာခေါ်လာတော့ မစ္စတာကာလစ်ဆင်နှင့် သစ်တောဝန်ထောက် ဦးလှဖေတို့ကလိုက်လာစဉ် ရှာထဲဝင်မည်အပြု မစ္စတာကာလစ်ဆင်၏မျက်လုံးက အိမ်မဲကြီးဆီသို့ အကြည့်ရောက်သွားသည်။

“အိုး ... မိုင် ... ဂေါ့ ... အလွန်လက်ရာမြောက်တဲ့အိမ်ကြီးပါလား”

မစ္စတာကာလစ်ဆင်က ခြေရှေ့မတ်တတ်ရပ်ကာ အိမ်မဲကြီးကိုကြည့်ပြီး အလွန်သဘောကျနေသည်။

ဦးလှဖေအားလှည့်၍ ...

“ဒီအိမ်ကြီးကို ဒီလိုရွာမျိုးမှာ တခမ်းတနားနဲ့ဘယ်လိုလူတွေက လာဆောက်ထားတာလဲ”

အင်္ဂလိပ်ဘာသာဖြင့်မေးလိုက်ရာ ဦးလှဖေက ...

“ကျွန်တော်စုံစမ်းလိုက်ပါ့မယ်”

“အိုကေ ... ”

ဦးလှဖေက သူကြီးအား ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကြီးမှာ ဘယ်သူတွေနေကြလဲသူကြီး မြက်ပင်တွေနွယ်ပင်တွေ နဲ့မရှင်းဘူးလား"

"ပိုင်ရှင်တွေကတော့သေသွားပါပြီ သူတို့ရဲ့သမီးတစ်ယောက်ပဲကျန်ခဲ့တယ်လေ၊ အဲဒီတစ်ယောက်ကလည်း ဦးနှောက်ပုံမှန်မဟုတ်ဘဲရူးနေတယ်"

"ပိုင်ရှင်တွေက ဒီရွာကပဲလား"

"မဟုတ်ပါဘူး ဝန်ထောက်မင်း အရင်ကဒီနေရာကသချိုင်းမြေဟောင်း ပါ၊ ရွာကိုလူကြီးတစ်ယောက်ရောက်လာပြီး အဲဒီနေရာမှာအိမ်ဆောက်နေခွင့်တောင်းတယ်၊ ကျုပ်အဘသူကြီးလက်ထက်ကပေါ့ ...

တစ်ရွာလုံးဘာမှမလုပ်တဲ့နေရာဆိုတော့ နေချင်လည်းနေဆိုပြီး အဘက ခွင့်ပြုလိုက်တယ် ... နောက်တော့အခုတွေ့တဲ့အိမ်ကြီးကို ဆောက်ပြီးနေတော့ ဘာပဲ ရွာနဲ့လည်းမရောကြဘူး၊

တစ်ရွာလုံးမှာ သူတို့နဲ့အဆက်အစပ် ရှိတာဆိုလို့ ဝမ်းဆွဲသည် ဒေါ်ခင်ညို တစ်ယောက်ပဲရှိတယ် ...

အတော်ချမ်းသာကြတယ် ရွာထိပ်ကနံ့သာကုန်းဘုရားကို ထီးအသစ် မြန်တင်ပြုပြင်ပြင်ကြတာလည်း သူတို့ပဲ"

"ဪ"

သူကြီးပြောတာကို ဝန်ထောက်မင်းဦးလှဖေတင်မဟုတ် မစ္စတာ ကာလစ်ဆင်ကပင်စိတ်ဝင်တစားနားထောင်၏။

"အိမ်ဆောက်ထားတဲ့သစ်တွေက သစ်နက်တစ်မျိုးထင်တယ် ဦးလှဖေ ကျုပ်အဲဒီလိုသစ်မျိုးကို နေရာနည်းနည်းမှာပဲတွေ့ဖူးတယ်"

"ဟုတ်တယ် မစ္စတာကာလစ်ဆင် အဲဒီသစ်မျိုးကအရမ်းရှားတယ် တစ်အိမ်လုံးကို သစ်နက်တွေနဲ့ဆောက်ထားတာဆိုတော့ ဘယ်ကများရထားကြတာလဲ မသိဘူး"

ဦးလှဖေက သူကြီးကိုမေးတော့ သူကြီးက ...

"ကျုပ်တို့လည်းမသိဘူး အိမ်ဆောက်တော့လည်း ရွာကလူတွေမပါဘူး

www.burmeseclassic.com



ခြားနယ်ကလူတွေလာဆောက်ကြတာ ...

သစ်တွေကလည်း ညဘက်လှည်းတွေနဲ့ရောက်လာကြတာ ကျုပ်တို့သားတွေကလည်း ကိုယ်နဲ့မဆိုင်ရင် စိတ်ဝင်စားကြတာမှမဟုတ်တာ"

"ဟုတ်ပါပြီ"

မစ္စတာကလစ်ဆင်ကပြောရင်း ရွာထဲဆက်ထွက်လာတော့ သူတို့လည်းနောက်မှလိုက်လာကြသည်။

"ကျုပ်ဒီရွာကို ဝင်ရကျိုးနပ်သွားပြီ ကျွန်ုပ်တစ်သက်တာမှာ အခုလိုအိမ်ကြီးမျိုးတစ်ခါမှမတွေ့ဖူးဘူး ...

ကျွန်ုပ်အခုတွေ့ပြီ ဝမ်းသာစရာကောင်းလိုက်တာ ကျွန်ုပ်အဲဒီအိမ်မှာတည်းချင်တယ် သူကြီး"

"ဗျာ"

အရေးပိုင်မင်းစကားကြောင့် သူကြီးမျက်လုံးပြူးသွားသည်။ နာနာဘာဝတွေ သရဲတစ္ဆေတွေရှိတယ်လို့ပြောရင် အရေးပိုင်မင်းက ဟားတိုက်ရယ်မောနေလိမ့်မည်။

"ကျုပ်တို့အိမ်မှာတည်းပါလား အရေးပိုင်မင်းရယ် အိမ်ကလည်းကြီးကြီး အရေးပိုင်မင်းလိုအပ်တာအားလုံး ကျုပ်စီစဉ်ပေးလို့လည်းရပါတယ်"

အရေးပိုင်မင်းကပြုံး၍ သူကြီးအားခေါင်းခါရမ်းပြလိုက်သည်။ပြီးမှ–

"ကျွန်ုပ်ကိုဘုရားသခင်ကပေးတဲ့အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး အိမ်မဲကြီးမှာပဲကျွန်ုပ်တည်းမယ် သူကြီးစီစဉ်လိုက်တော့ ..."

"ဟုတ် ... ဟုတ်ကဲ့"

အရေးပိုင်မင်းက အမိန့်ဆန်ဆန်ပြောတော့ သူကြီးခေါင်းညိတ်လိုက်သည်။

"အခုတော့ သူကြီးအိမ်လိုက်မှာပါ ရွာကလူတွေနဲ့တွေ့မယ်လေ လိုအပ်တာအားလုံးကျွန်ုပ်လုပ်ပေးမယ်"

"ကျေးဇူးပါပဲ အရေးပိုင်မင်း အိမ်မဲကြီးကလူမှမရှိတာကြာတော့



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်တွေဖုန်တွေရှိမှာပဲ ကျုပ်သန့်ရှင်းရေးလုပ်နိုင်းလိုက်ဦးမယ်"

"ကျွန်ုပ်တို့လည်း တောထဲဝင်ရဦးမှာပဲ ညနေစောင်းမှပြန်လာမှာ ရွာက

လူတွေနဲ့တွေ့ပြီးရင်တောထဲသွားမှာ သူကြီးစီစဉ်စရာရှိတာ စီစဉ်လို့ရပါတယ်"

"ဟုတ်ကဲ့ပါ ... "

သူကြီးခေါင်းကိုက်သွားသည်။ အရေးပိုင်မင်းအငြိုအငြင်ကိုသူမခံချင်

အရေးပိုင်မင်းက အိမ်မဲကြီးမှာတည်းချင်တယ်ဆိုမှတော့ တည်းခွင့်ရအောင်လှ

ပေးရမှာပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းတယ်ဆိုတာ ရှိကြနေတာတွေ

မဟုတ်တဲ့အရာကို တွေ့လို့ပါ

တစ်ခါတလေ လူ့ဘဝမဟုတ်ဘုံဘဝတစ်ခုခုက

ဖန်တီးထားတာကိုတွေ့တဲ့ ... အခါ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ရှုံးသိကြီးသုံးလုံး

သူကြီးခေါင်းထဲမှာ ပထမဆုံးအတွေးရောက်လာတာက ကြာဖြူ

သူကအိမ်မဲကြီးမှာ ညအိပ်တာဆိုတော့ အရေးပိုင်မင်းညဘက်အ
မဲကြီးမှာ အိပ်လျှင်ပြဿနာရှိသည်လေ ‗ ကြာဖြူကိုတစ်နေရာမှာ သွားအိပ်
မှဖြစ်မည်ဟု တွေးလိုက်၏။

စဉ်းစားရင်း ‗ သူကြီးမျက်လုံးထဲမှာ ဝမ်းဆွဲသည်ဒေါ်ခင်ညိုမျက်
ကို မြင်လို့လာသည်။

"အင်း ... သာချိုကိုခေါ်ခိုင်းလိုက်ရင် ကောင်းမယ်"

သူကြီးက သာချိုအားလှမ်း၍

"သာချိုရေ တစ်ယောက်ယောက်ကို ဒေါ်ခင်ညိုဆီလွှတ်ပြီး ခေါ်
လိုက်ကွာ"

"ဘာကိစ္စလဲ သူကြီး"

"ကိစ္စရှိလို့ပေါ့ကွာ ... မင်းကလဲစကားကိုများတယ်"

သူကြီးက ကိုသာချိုကိုလှမ်းဟောက်လိုက်တော့ ကိုသာချိုတ်ပုလို့
သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကရွာထဲမှ လှုငယ်တစ်ချို့ကို သူခြံထဲခေါ်ထားသည်။ အိမ်မဲကြီး ရဲ့ခြံထဲက အပင်တွေရှင်းဖို့နှင့် အိမ်မဲကြီးထဲဖုံများအမှိုက်များကို ရှင်းခိုင်းဖို့ဖြစ်သည်။

သိပ်မကြာပါ ကိုသာချိုခိုင်းလိုက်သည့် ဖိုးလုံးက ဒေါ်ခင်ညိုနှင့်အတူ ရောက်လာသည်။

"သူကြီးကခေါ်တယ်ဆိုလို့"

"ဟုတ်တယ်ဒေါ်ခင်ညိုရေ တိုင်ပင်စရာလေးရှိလို့ ထိုင်ပါအုံး"

"ဟုတ်ကဲ့ "

ဒေါ်ခင်ညိုကသူကြီးထိုင်နေသည့် ခုံတန်းလျားရှေ့မှာ ဝင်ထိုင် လိုက်သည်။

"အရေးပိုင်မင်း ဒီရွာမှာနားမယ်ဆိုတဲ့သတင်း ဒေါ်ခင်ညိုကြားမှာပေါ့"

"ဟုတ်ကဲ့ ကြားပါတယ်"

"အရေးပိုင်မင်းက ဘာစိတ်ကူးရလဲမသိဘူး ရွာထိပ်ကအိမ်မဲကြီးမှာ ညအိပ်တည်းချင်လို့တဲ့"

"ရှင်"

ဒေါ်ခင်ညိုအံ့သြသွားသည်။ သူကြီးက ...

"ကျုပ်တို့ရွာကလူတွေ အိမ်မဲကြီးထဲရောက်ဖူးကြတာမဟုတ်ဘူး ရောက် ဖူးတာဆိုလို့ ဒေါ်ခင်ညိုပဲရှိတယ်မလား"

"ဟုတ်ကဲ့ပါ"

"အိမ်မဲကြီးရဲ့ အတွင်းဘက်ကအနေအထားတွေ ဘယ်လိုရှိလဲဆိုတာ သိချင်တာရယ် ဟိုကောင်မလေးကြာဖြူ အရေးပိုင်မင်းရှိတဲ့ညမှာ အဲ့ဒီအိမ်မဲကြီး မှာ ညမအိပ်ဖို့ရယ် ဆိုတာတွေကို ဒေါ်ခင်ညိုနဲ့တိုင်ပင်ချင်တယ်"

ဒေါ်ခင်ညိုက သူကြီးရဲ့မျက်နှာကို သေချာကြည့်ပြီး ...

"ကြာဖြူကညဘက် အဲ့ဒီအိမ်မှာအိပ်တယ်လေ ... အဲ့ဒီမှာမအိပ်လို့ ဘယ်မှာအိပ်မလဲသူကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကိုပြောတာပေါ့ အရေးပိုင်မင်းအနောက်အယှက်ဖြစ်နိုင်သလို မိန်းကလေးဖြစ်တဲ့ ကြာဖြူအတွက်လည်းမကောင်းဘူး၊ ဒီတော့ဒေါ်ခင်ညို ကြာဖြူကို အရေးပိုင်မင်းမပြန်ခင်အထိ ခေါ်ထားလိုက်ပါလား ...

ဒေါ်ခင်ညိုပြောရင် ကြာဖြူကလက်ခံမှာပါ"

သူကြီးက အကျိုးအကြောင်းရှေ့လှည့်စွာချင်းပြပြောတော့ ဒေါ်ခင်ညိုက

"ကြာဖြူကို အိမ်ခေါ်ထားတာကိစ္စမရှိပါဘူး အရေးပိုင်မင်းက အိမ်မဲ ကြီးမှာ ညအိပ်တာကောင်းပါ့မလား"

"ဘာလို့လဲ ဒေါ်ခင်ညို"

"ကျွန်မက ကြာဖြူတို့မိဘတွေနဲ့ သိပ်ရင်းနှီးတာ သူတို့က အစွဲအလန်း တအားကြီးကြတယ် ရှေးရိုးစွဲတွေပေါ့ သူတို့သေသွားကြတော့ တစ်ယောက်ထဲ ကျန်ခဲ့တဲ့ ကြာဖြူကိုဘယ်လိုမှစိတ်ချမှာမဟုတ်ဘူး ...

ဒါကြောင့်ဝိညာဉ်ဘဝနဲ့ အဲ့ဒီအိမ်မဲကြီးထဲမှာ ရှိနေမလားလို့"

"တော်တော့ ဒေါ်ခင်ညိုကျုပ်တို့လူမျိုး တွေကသာသရဲတစ္ဆေ နာနာ ဘာဝကိုယုံကြည်ကြတာ သူတို့လူမျိုးတွေက အယုံအကြည်ရှိကြတာ မဟုတ်ဘူး"

သူကြီးကပြောလိုက်သည်။ ဒေါ်ခင်ညိုကနှုတ်ခမ်းကို တွန့်ကာမဲ့ပြုံးတစ် ချက်ပြုံးလိုက်သည်။

"အေးလေ ... သူတည်းမယ်ဆိုတော့ သူ့သဘောပေါ့ တစ်ခုတော့ မှာထားချင်တယ်"

"ဘာများလဲ ဒေါ်ခင်ညို"

"အိမ်မဲကြီးရဲ့ ဧည့်ခန်းနဲ့ကပ်ရက်အခန်းမှာ မအိပ်ပါစေနဲ့"

"ဘာလို့လဲ"

သူကြီးက မျက်လုံးပြူးကာမေးလိုက်သည်။ ဒေါ်ခင်ညိုက ...

"အဲဒီအိမ်ရဲ့ သခင်ကြီးနဲ့သခင်မကြီးတို့ရဲ့ အိပ်ခန်းကို သူတို့အသက်ရှင် စဉ်ကတောင် ဘယ်သူမှဝင်ခွင့်ရတာမဟုတ်ဘူး။ အခုဆိုပိုဆိုးမှာပေါ့"

"အင်းလေ ... ကျုပ်ပြောလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ညို သူကြီးစကားကုန်လောက်ပြီထင်၍ မတ်တတ်ရပ်လိုက်ပြီး

"ပြန်ဦးမယ် သူကြီး"

"ကြာဖြူကို အခုရက်ပိုင်း အိမ်ခေါ်ထားဖို့မမေ့နဲ့နော်"

"ကျွန်မသိပါတယ် သူကြီးရဲ့ အရေးပိုင်မင်းသာ အိမ်မဲကြီးမှာမတော်တာတွေမလုပ်မိပါစေနဲ့လို့ မှာလိုက်ပါ"

ဒေါ်ခင်ညိုကပြော၍ ခြံထဲမှထွက်ကာသွားလေတော့သည်။

❖ ၅ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်တွေသေချာရှင်းနော် ညကျရင် ဖူးသီးနဲ့ကြက်သား ကာလသားချက်နဲ့အဝတွယ်ရမယ်"

ဆယ်အိမ်မှူးကိုသာချို ခြံရှင်းနေသည့်ရွာမှကာလသားလူငယ်များကို ပြောနေသည်။

လူငယ်များကလည်း ခြံထဲမှမြက်ရိုင်းများချုံနွယ်များကို ရှင်းလင်းကြသလို အမှိုက်များကိုမီးရှို့ကြ၏။

လူအင်အားကောင်းကောင်းနှင့်လုပ်ကိုင်တာကြောင့် အလုပ်ကတွင်လှသည်။

ထိုလူငယ်များထဲမှာတော့ သံနိုင်၊ ထေုံနှင့်ခွေးခိုးတို့မပါကြ။ သူတို့ကကိုသာစန်းထန်းတောထဲရောက်နေကြပြီး ...

"အရှေ့ဘက်တော့ ပြီးပြီ သူကြီး"

"အေး _ မင်းကောင်တွေခဏနားခိုင်းလိုက်ဦး ပြီးရင်ခြံနောက်ဘက်ရှင်းမယ်"

"ဟုတ်ကဲ့ သူကြီး"

သူကြီးကခြံထဲရှိ သရက်ပင်ကြီးအောက်မှာထိုင်ကာ ရေနွေးကြမ်းအိုးတစ်လုံးဖြင့် လူငယ်တွေလုပ်တာကိုင်တာကို ကြီးကြပ်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ခြံကလည်းမရှင်းလင်းပဲထားတာ နှစ်အတော်ကြာပြီဖြစ်တာကြောင့် ခြုံနွယ်များကထူထပ်လွန်းလှသည်။

သို့သော် ...

လူများများနှင့်ရှင်းတော့ ခဏအတောအတွင်းမှာပင် ပြီးလို့သွားသည်။

"သာချို့ရေ ... အိမ်ထဲဝင်ကြရအောင်ကွာ အထဲက အမှိုက်သရိုက် တွေလှဲကျင်းရမယ်"

"ဟုတ်ကဲ့ သူကြီးခြံအနောက်ဘက်ခြုံတစ်ခုကျန်နေလို့ ရှင်းဦးမယ်"

"အေး ... အေး ... "

ခြံအနောက်ဘက်ခြုံကို ကာလသားများပိုင်းရှင်းနေစဉ် ...

"ဟာ ... အုတ်ဂူတွေ"

ကာလသားတစ်ယောက်ရဲ့ အသံကကျယ်လောင်စွာထွက်ပေါ်လို့လာ သည်။

သူကြီးလည်းထိုင်ရာမှထ၍ အပြေးသွားကာကြည့်လိုက်၏။ ကိုသာချိုက

"အုတ်ဂူက သုံးလုံးတောင်နာမည်ရေးမထားဘူး"

"အင်း ... ဟုတ်ပါရဲ့"

သူကြီးကိုပြောကာ အုတ်ဂူများကိုကြည့်လိုက်တော့ ဂူသုံးခုလုံးမှာ အနက်ရောင်များဖြစ်လို့နေသည်။

"ဒီအိမ်ကြီးက သေသွားတဲ့လူတွေရဲ့ဂူဖြစ်မှာပေါ့ကွာ"

"ဟုတ်မယ်သူကြီး ... ဒီအိမ်ကလူတွေသေတာကျုပ်တို့တွေလည်း မသိရဘူးနော် ဟိုအရှုံးမကိုမေးလည်း ဘယ်လိုလုပ်ရမလဲ ...

စဉ်းစားစရာက အုတ်ဂူတွေကိုဘယ်သူလာလုပ်ပေးတာလဲဆိုတာပဲ သူကြီးရဲ့"

"သာချို ... အကြောရှည်မနေနဲ့ သူတို့အကြောင်းတွေနဲ့သူတို့ပဲ ထားလိုက်လုပ်စရာရှိတာဆက်လုပ်"

"ဟုတ်ကဲ့ သူကြီး ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုသာချိုက စကားကိုမဆက်ခဲ့တော့ဘဲ လှိုင်ယမ်းနှင့်အိတ္တူချမ်းကို ဆက်ရှင်းနေသည်။

သူကြီးပြောစရာရှိတာပြော၍ ပြန်ထွက်သွားတော့ ကိုသာချိုက အုတ်ဂူများကိုသေချာကြည့်လိုက်သည်။

ဘေးဘောင် ထိပ်ပိတ်နောက်ပိတ်မှာ သင်္ဂြိုဟ်တများဖြစ်သော်လည်း အပေါ်အဖုံးမှာ သစ်သားအနက်ဖြင့် ပြုလုပ်ထားသည်ကိုတွေ့ရသည်။

"ထူးဆန်းလှချည်လား လုပ်ထားတာပညာတော်တော်ပါတာပဲ မသိရင် အင်္ဂတေတွေနဲ့ချည်းလုပ်ထားတယ်ထင်ရတယ်"

တစ်ယောက်တည်းတွေးကာ အုတ်ဂူများကိုလှည့်ပတ်ကြည့်လိုက်သည်။

အုတ်ဂူသုံးလုံးလုံးမှာ အရွယ်အစားတူ ပုံသဏ္ဌာန်တွေကလည်း တစ်ပုံတည်းဖြစ်နေတာကလည်း ထူးဆန်းလို့နေသည်။

"အင်းလေ - ဒီအိမ်ကြီးက လူတွေက နဂိုထဲကထူးထူးဆန်းဆန်းတွေ သူတို့အုတ်ဂူတွေလည်းထူးဆန်းနေမှာပေါ့"

ဟုတွေးကာနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ထင်ပြတဲ့ အပါယ်ဘုံသား

တစ်ယောက်က သူနဲ့ဆုံတဲ့လူကိုပြတဲ့အခါ ...

မထူညီတာတွေရှိလာတော့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)



"သံနိုင် _ သိပ်ဆူဆူညံညံမလုပ်နဲ့နော်၊ အရေးပိုင်မင်းရောက်နေတယ် ...ဒါတောင်ထန်းရည်ဆိုင်ပိတ်ထားတာကြည့် မင်းတို့အတင်းလာသောက်လို့သာ ...လက်ခံထားတာ"

အော်ဟစ်ပြောဆိုနေကြသည့် သံနိုင်၊ ငထုံ၊ ခွေးဆိုးတို့ကို ကိုသာစန်း ...သတိပေးလိုက်သည်။

"ဟာဗျာ _ ကိုကြီးသာစန်းကလည်း ထန်းတောထဲစကားပြောတာ ...အရေးပိုင်မင်းကြားမလားဗျ လုပ်မနေပါနဲ့ဗျာ"

"ဟေ့ကောင် သံနိုင် အပြောမလွန်နဲ့ငါကစေတနာနဲ့သတိပေးတာ မင်း ...မယုံရင် ရွာထဲမှာစမ်းကြည့်လိုက် သူကြီးထိပ်တုံးစာမိမှာမဟုတ်ဘူး မြို့ဂတ်တန်း ...ရောက်သွားမှာ"

ဂတ်ဆိုတဲ့အသံကြားတော့ သံနိုင်ငြိမ်သွားသည်။ သူကြီးထိပ်တုံးက ...သူ့အဖေဖြုတ်ပေးလို့ရသည်။ မြို့ဂတ်ကိုတော့ သူ့အဖေလိုက်ဖွင့်ပေးလို့မရ-

"ကိုကြီးသာစန်း ကျုပ်ကာခင်ဗျားထင်သလောက်မဆိုးပါဘူး ကဲပါ ...နောက်တစ်မြူလောက်ချပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့များနေပြီတော်တော့"

"လုပ်ပါဗျာ ... ကျုပ်တို့စကားအကျယ်ကြီးမပြောတော့ပါဘူး ဟုတ်တယ်
နော်,ငထို"

"အေး"

ကိုသာစန်းလည်းလက်လျှော့လိုက်သည့်ပုံဖြင့် ...

"ထားတော့ကွာ ... ဒီတစ်မြူပြီးရင်ပြန်တော့ ငါလည်းနားတော့မယ်"

"ဟုတ်ပြီ"

သံနိုင်တို့က သဘောတူတာကြောင့် ကိုသာစန်းကထန်းရည်တစ်မြူ
ကိုလာချပေးသည်။

သိပ်မကြာပါ ထိုထန်းရည်ကုန်တော့ သုံးယောက်သားပိုက်ဆံရှင်း၍
ပြန်လာသည်။

"သံနိုင် ရွာထိပ်တော့မသွားနဲ့ကွာ"

"ဘာလို့လဲ ခွေးဆိုး"

"သူကြီးနဲ့ ရွာကလူတွေဟိုခြံကြီးကိုရှင်းနေတယ်"

"ဟေ ... အဲဒါဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲကွ တို့ပါဝိုင်းရှင်းပေးနေရဦးမယ်"

ခွေးဆိုးစကားကို သံနိုင်သဘောပေါက်သွားသည်။

ထို့ကြောင့် ...

"တို့ ဘယ်သွားကြမလဲ"

"နှံ့သာကုန်းဘုရားဘက်သွားမယ်ကွာ"

"ဟာ ... ဘုရားသွားရင် ရွာထိပ်ကဖြတ်သွားရမှာပေါ့ ဘယ်ဖြစ်မလဲ"

"သံနိုင်ကလည်း နှံ့ပဲ့ကွာ၊ လယ်ကွင်းထဲကဖြတ်သွားမှာပေါ့"

"အေး ... ကောင်းတယ် ငထို၊ ဘုရားရင်ပြင်မှာနားအေးပါးအေး
အိပ်လို့ရတယ်"

သုံးယောက်သားသဘောတူစွာဖြင့် လယ်ကွင်းတွေဖြတ်ကာ နှံ့သာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘက်သို့လျှောက်လာသည်။

ဘုရားရင်ပြင်ပေါ်အရောက်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် သူတို့အံ့ဩသွားကြ၏။

"ဟာ ကြာဖြူ ဘုရားရှိခိုးနေပါလား။ ဟော့ကောင် သံနိုင် လှုပ်ရှားလိုက် ဒီနေရာမှာဘယ်သူမှမရှိဘူး"

"အေး"

ငထိုနှင့်ခွေးဆိုးကပြောက်ပေးလိုက်သည်။

"ငထို – ကြာဖြူကအဝတ်အစားအသစ်တွေနဲ့ တယ်ဟုတ်နေပါလား"

သူတို့ကိုကျောပေးလျက် ဘုရားရှိခိုးနေသည့်ကြာဖြူက သူတို့သုံးယောက်ကိုမမြင် ဘုရားကိုအာရုံစိုက်ကာရှိခိုးနေ၏။

ဝတ်ထားသည့်အဝတ်အစားကလည်း အပေါ်ရင်ဖုံးအင်္ကျီအဖြူ ထမိန်ယောင်ရောင်အညိုနှင့်ဖြစ်သလို နက်မှောင်လှသည့် ဆံပင်တို့ကိုဖြန့်ကာချထားသည်။

"လှလိုက်တာ ကြာဖြူရယ် မောင်ကြီးရင်ကိုစွဲသွားတာပဲ"

သံနိုင်ကလေသံတိုးတိုးနှင့် နောက်ပြောကာပြောတော့ငထိုက –

"လုပ်မနေနဲ့သွားမှာသာသွား ဒီလိုအခွင့်အရေးမျိုးက ရခဲတယ်"

"ဟုတ်တယ်ကွ တို့မမြင်ချင်ယောင်ဆောင်နေမယ်"

ခွေးဆိုးနှင့်ငထိုပြောက်ပေးရာ သံနိုင်ကအားရှိသွားပြီး ဘုရားရှိခိုးနေသည့် ကြာဖြူနားသို့ ခြေတစ်လှမ်းချင်းလှမ်းကာသွားသည်။

ကြာဖြူကတော့မသိရှာ –

အနားရောက်တော့ သံနိုင်ကလေသံတိုးတိုးနှင့် –

"ကြာဖြူလေး"

"ဟင်"

"အမလေး"

သံနိုင်ရဲ့အသံက ငယ်သံပါလို့သွားတော့သည်။ သူ့ကိုလှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်နှာကြီးကကြောက်စရာကောင်းလွန်းလှသည်။

အိမ်မဲကြီးတွင် ညဘက်တွေ့ခဲ့ရသည့် မျက်နှာကြီးလည်းဖြစ်တာကြောင့် တစ်ချိုးတည်းလှည့်၍ပြေးရာ ထော့နင့်ခွေးဆိုးလည်း လှမ်းတွေ့တာကြောင့်သံနိုင် နောက်က အားသွန်ပြေးလိုက်လာတော့သည်။

❖ ♍ ❖



www.burmeseclassic.com

www.burmeseclassic.com

"စားကောင်းရဲ့လားအရေးပိုင်မင်း အားရပါးရသာစားစမ်းပါ"

သူကြီးရဲ့ဧည့်ဝတ်ကျေပုံက လွန်ကဲလို့နေသည်။ အရေးပိုင်မင်း မစ္စတ
ကလစ်ဆင်က ထမင်းမစားမီချက်အရက်ကလေး မှီဲထားတာကြောင့် အာသွ
လျှာသွက်ဖြစ်လို့နေ၏။

"သူကြီးတို့ရွာမှာ စာသင်ကျောင်းဆောက်ခွင့်အတွက် ကျွန်ုပ်ပညာ
ကိုပြောလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အရေးပိုင်မင်းရယ်၊ ကျုပ်တို့ရွာက ကလေး
ကို ကျုပ်ကစာသိပ်တတ်စေချင်တာ"

သူကြီးက အားရပါးရပြောတော့ အရေးပိုင်မင်းမစ္စတာကလစ်ဆင်

"သူကြီးသိပ်တော်တယ် ကိုယ့်ရွာက ကလေးတွေကိုစာသိပ်တော်ချင်
ကောင်းတဲ့အလုပ်မလား ...

ပညာတက်ရင် ရွာလည်းတိုးတက်လာမယ် မကောင်းတဲ့အလုပ်
မလုပ်ကြတော့ဘူးပေါ့"

"ဟုတ်ပါတယ် အရေးပိုင်မင်းရယ် ဝန်ထောက်မင်းလည်း စား
အားနာစရာမလိုဘူး"

"ရပါတယ် သူကြီး ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သစ်တောဝန်ထောက်ဦးလှဖေက အစားအသောက်မရှိ အနေအေးသလို စကားလည်းနည်းလှသည်။

အရေးပိုင်မင်း ကလစ်ဆင်က ...

"စားပြီးရင် ကျွန်ုပ်တို့ဟိုဘက်အိမ်မဲကြီးကိုသွားမယ် အိပ်ဖို့အတွက် သူကြီးစီစဉ်ပြီးပြီလား"

"အေးအေးဆေးဆေး စကားပြောပြီးမှသွားအိပ်ပေါ့ အရေးပိုင်မင်း ရယ်၊ အရေးပိုင်မင်းတို့အိပ်ဖို့အတွက် ကျုပ်စီစဉ်ပြီးပါပြီ"

"ကျွန်ုပ်က အိမ်မဲကြီးကိုလေ့လာချင်သေးတာ၊ သူကြီးတို့လည်းလိုက် ခဲ့လေ ဟိုမှာစကားအေးအေးဆေးဆေး ပြောကြတာပေါ့"

အရေးပိုင်မင်းစကားကြောင့် သူကြီးပခုံးအနည်းငယ်တွန့်လို့သွားသည်။

သူကိုယ်တိုင်လည်း အိမ်မဲကြီးဆီညပိုင်းသွားရဲတာမဟုတ်။ အခုတော့ ကိစ္စမရှိ အရေးပိုင်မင်းရဲ့ကိုယ်စောင့်အဖွဲ့တွေနှင့်ဆိုတော့ သွားရဲသေးသည်။

"အရေးပိုင်မင်း ရွာကလူငယ်တွေ အရေးပိုင်မင်းအိပ်တဲ့အိမ်မဲကြီးမှာ စောင့်ပေးဖို့လိုသေးလား"

"မလိုပါဘူး ကျွန်ုပ်တို့တပ်ဖွဲ့ရှိတာပဲ ရပါတယ်"

သူကြီးကြိတ်ဝမ်းသာသွားသည်။ ရွာကလူငယ်တွေကလည်း ညဘက် အိမ်မဲကြီးမှာတစ်ယောက်မှ နေရဲတာမဟုတ်။

အရေးပိုင်မင်းက စကားပြောလိုက် ထမင်းစားလိုက်လုပ်ရင်း ... မကြာမီ–

စားသောက်လို့ပြီးသွားသည်။

"ကဲ ... ကျုပ်တို့သွားကြမယ်"

အရေးပိုင်မင်း မစ္စတာကလစ်ဆင်ကမတ်တတ်ထရပ်တော့ သူကြီး လည်းမတ်တတ်ထရပ်လိုက်သည်။ အရေးပိုင်မင်းက ...

"အိပ်ရာအတွက်စီစဉ်ပြီးပြီလားသူကြီး"

"ပြီးပါပြီ အရေးပိုင်မင်း ရေနံဆီမီးခွက်လည်းအသင့်ပါပဲ"

www.burmeseclassic.com



"ကောင်းတယ် ကျုပ်ဒီရွာမှာတည်းတာ တကယ့်ကိုကျေနပ်စရာပါကဲ သွားကြမယ်"

အရေးပိုင်မင်းက အိမ်ပေါ်မှဆင်းတော့ သူကြီးကနောက်မှလိုက်ဆင်းသည်။

BURMESE CLASSIC

အောက်ရောက်တော့ ကိုသာချိုနှင့်ရွာသာမှလူငယ်ငါးယောက်က အရေးပိုင်မင်းနှင့်သစ်တောဝန်ထောက်မင်းတို့ကို လိုက်ပို့ရန်စောင့်နေသည်။

"သာချိုရေ တို့တွေအရေးပိုင်မင်းတို့ကို လိုက်ပို့ရအောင်"

"ဟုတ်ကဲ့ သူကြီး"

ကိုသာချိုတို့က သူကြီးနှင့်အတူအရေးပိုင်မင်းအား အိမ်မဲကြီးဆီသို့လိုက်ပို့ကြသည်။

အရေးပိုင်မင်းကတော့ အလွန်ချောက်ချားစရာကောင်းသည့်အိမ်မဲကြီးအကြောင်းကို မသိလို့ပဲလား နာနာဘာဝတွေကိုမကြောက်တတ်လို့လားမသိ ရွှေဆုံးကနေ တက်ကြွသောခြေလှမ်းဖြင့် အိမ်မဲကြီးဆီသို့လှမ်းကာသွားနေတော့သည်။

❖ ♍ ❖

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းတဲ့ ဘဝတွေမှာ
ဆန်းကြယ်တဲ့ စာတ်လမ်းတွေနဲ့အတူ
မျှော်လင့်တဲ့ ကျွတ်လွတ်မှုအတွက်
"ဆုတောင်း" တွေရှိခဲ့ကြပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)



"သမီး ကြာဖြူအိပ်တော့လေ ... မအိပ်ပဲဘာထိုင်လုပ်နေတာလဲ"

အိမ်အပြင်ကွပ်ပျစ်မှာ တစ်ယောက်တည်းထိုင်ရင်း ပါးစပ်ကတတွတ်တွတ်ပြောနေသည့် ကြာဖြူကိုဒေါ်ခင်ညိုက အိမ်အောက်သို့ဆင်းလာကာပြောလိုက်သည်။

"မယ်မယ်တို့က ခုလောက်ဆိုကြာဖြူကိုမျှော်နေပြီ ... အမေ"

"သမီးရယ် ... တစ်ညတစ်လေပဲ"

ဒေါ်ခင်ညိုက နှစ်သိမ့်လိုက်သည်။ ကြာဖြူကဒေါ်ခင်ညိုကိုချစ်သလို ဒေါ်ခင်ညိုကလည်း ကြာဖြူကိုသမီးအရင်းလိုချစ်သည်လေ ...

"အမေ ... ဟိုး တောင်တန်းကိုကြည့်စမ်းပါ"

ကြာဖြူက ပဲခူးရိုးမတောင်တန်းကြီးကိုလက်ညှိုးထိုးပြရာ ဒေါ်ခင်ညိုက လိုက်၍ကြည့်သည်။

"ဘာတွေ့လို့လဲ သမီး"

"အဲဒီတောင်တန်းကြီးတွေကျော်လိုက်ရင် ဟိုဘက်မှာ... ငွေနှံ့သာ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းစေတီလေးရှိတယ်''

"ဟင်"

"ဒီ ... ရွှေနှံ့သာလွှမ်းစေတီလေးနဲ့ တစ်နေ့တည်းတစ်ချိန်တည်း တည်ခဲ့ကြတာပေါ့။ တည်တဲ့ဒကာတွေကတော့ တစ်ယောက်နဲ့တစ်ယောက် တည် တာကိုမသိခဲ့ကြဘူး"

"အင်း"

ဒေါ်ခင်ညိုက အလိုက်သင့်"အင်း"လိုက်နေရသည်။ ကြာဖြူက ပြောချင်ရာပြောနေပေမယ့် နားထောင်ကောင်းတဲ့ပုံပြင်တစ်ပုဒ်လို ဒေါ်ခင်ညို နားထောင်နေလိုက်သည်။

BURMESE CLASSIC

"ဘုရားတည်ရင်းနှင့်ဒကာတွေက သစ္စာပြုခဲ့ကြတယ် ငွေနှံ့သာစေတီကို တည်တဲ့မင်းသားလေးက သံသရာဘဝအဆက်ဆက်မှာ သူချစ်သူရဲ့လက်နဲ့ သူ့လက်မထိတွေ့ရခင်အထိ ဆွံ့အသူအဖြစ်နေပါစေတဲ့"

"ဟင်"

ကြာဖြူပြောတာတွေက ဒေါ်ခင်ညို ပို၍စိတ်ဝင်စားစရာကောင်းနေ သည်။

"ရွှေနှံ့သာစေတီလေးရဲ့ ဒကာမလေးကလည်းဆုတောင်းတယ် သူချစ်သူ မင်းသားရဲ့လက်နဲ့မထိတွေ့ခင်ထိသူဟာရူးသွပ်နေပါစေတဲ့"

"ဘယ် ... ဘယ်လို ... "

"ဟုတ်တယ် ... မင်းသားလေးက ပြည်နယ်စားရဲ့သားတော်လေ သူချစ်သူ ရှင်နှံ့သာနဲ့ချစ်ကြိုက်တာကို သူ့ရဲ့ခမည်းတော်ကလက်မခံဘူး ဘာဖြစ် လဲဆိုတော့ ရှင်နှံ့သာတို့မျိုးရိုးက ဒွန်းစဏ္ဍားမျိုးရိုးလေ ...

ဟိုခေတ်က ဒွန်းစဏ္ဍားဆိုတာအနူမျိုးပေါ့အမေရယ်၊ သုသာန်စော် လုပ်ရတယ်၊ ရှင်နှံ့သာကတော့ မနူပါဘူး၊ ဒါကလည်း အိမ်ထောင်ကျသေး ပါ ...

ပြည်နယ်စားက သူ့သားကိုအဆောင်ထဲပိတ် ရှင်နှံ့သာတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



သည်းသတ်မိန့်ထုတ်တော့ ဒီရိုးမကြီးကျော်ပြီးပြေးလာကြတာ ...

နောက်တော့ လွှမ်းစေတီလေးတည်ပြီး ဆုတောင်းခဲ့ကြတယ်လေ ... ရှင်နှံ့သာကတော့ ဘယ်ဘဝပဲဖြစ်ဖြစ် မင်းသားလေးကိုမျှော်နေတာ"

ကြာဖြူကပြောရင်း ပါးပေါ်သို့မျက်ရည်ပူများလိမ့်ကာကျဆင်းလာသည်။

ဒေါ်ခင်ညိုက ကြာဖြူမျက်ရည်တွေကိုသုတ်ပေးရင်း ...

"တိတ်ပါသမီးရယ် မင်းသားလေးလာမှာပေါ့"

နှစ်သိမ့်လိုက်ရာ ကြာဖြူမျက်လုံးတွေအရောင်လက်လို့သွားသည်။

"တကယ်လား အမေ"

"အင်းပေါ့"

"ပျော်လိုက်တာ အမေရယ် မယ်မယ်တို့လည်း ဝဋ်ကြွေးတွေမကြာခင်ကျေတော့မှာအမေရဲ့"

"ဟင် ... ဘယ်လို"

ကြာဖြူလေးပြောတာကို နားမလည်၍ ဒေါ်ခင်ညိုကမေးလိုက်၏။

"မကြာခင် ငလျှင်လှုပ်တော့မှာ အဲဒီကျရင်တန်ခိုးကြီးတဲ့ဘုရားရဲ့ စိန်ဖူးတော်မြေခမှာ အဲဒီစိန်ဖူးတော်ပြန်တင်တဲ့ အလှူဒကာက မယ်မယ်တို့ဖြစ်မှာလေ ...

စိန်ဖူးတော်တင်လှူခွင့်ရရင် မျိုးရိုးစဉ်ဆက်အနူဘဝကကျွတ်တော့မှာ"

"ဟုတ်ရဲ့လား သမီးရယ်"

"ကြာဖြူတို့ ဘဝအဆက်ဆက်စောင့်ခဲ့ရတဲ့ အခွင့်အရေးပါ အင်းမောင်တော် ဘယ်ဘဝကျမှနှမတော်ဆီရောက်လာမလဲ မသိဘူးနော်"

ကြာဖြူကရေရွတ်ကာနေသည်။ ဒေါ်ခင်ညိုက —

"အိပ်ကြမယ်သမီးရယ် အိမ်ထဲဝင်ရအောင်နော်"

"အမေ ... "

"ဟော ... "



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်ရောက်လာရင် ကြိုဖို့ ကြာဖြူပန်းခူးရဦးမယ်"

"မနက်မှခူးပါကွယ် အမေပါဝိုင်းခူးပေးမယ်"

"တကယ်နော် ... အမေ"

"အေးပါကွယ် ... လာ အိပ်ရအောင်"

ကြာဖြူကကျေနပ်နပ်နှင့် ဒေါ်ခင်ညိုနောက်သို့လိုက်လာသည်။ အိမ်ပေါ်ရောက်တော့ ဒေါ်ခင်ညိုအဆင်သင့်ခင်းပေးတဲ့ အိပ်ရာမှာဝင်လှဲရင်း ခဏကြာတော့ အိပ်ပျော်လို့သွားတော့သည်။

❖ ၇ ❖



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်တို့ အင်္ဂလန်မှာဆိုရင် ဒီလိုအိမ်ကြီးမျိုးက သိပ်အဖိုးတန်မှာ"

"ဘာလို့လဲ အရေးပိုင်မင်းရဲ့"

အရေးပိုင်မင်းပြောတာကို သူကြီးကနားမလည်၍မေးလိုက်သည်။

"ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုးတွေက သမိုင်းကိုစိတ်ဝင်စားကြတယ်၊ ရှေးအဆောက်အဦး၊ အသုံးအဆောင်နဲ့ရှေးဟောင်းပစ္စည်းတွေကို တအားစိတ်ဝင်စားတာ ...

ဒီအိမ်ကြီးကိုကြည့် ဆောက်ထားတာဆယ်စုနှစ်လောက်ပဲရှိတယ်ဆိုပေမယ့် ဗိသုကာလက်ရာက နှစ်ရာချီရှိနေသလိုပဲ"

"ကျုပ်တို့တော့ သိပ်နားမလည်ပါဘူး အရေးပိုင်မင်းရယ်"

အရေးပိုင်မင်း မစ္စတာကာလစ်ဆင်ကပြုံးလိုက်ပြီး ...

"ကျွန်ုပ် မြန်မာပြည်နေရာတော်တော်များများရောက်ဖူးတယ်၊ ရှေးကျတယ်ဆိုတဲ့ အဆောက်အဦးတွေကို လေ့လာတာမနည်းတော့ဘူး ...

သို့ပေမယ့် ဒီအဆောက်အဦးမျိုးကိုတွေ့ရတာ နှစ်နေရာပဲရှိတယ်"

"ဘယ်နေရာမှာလဲ မစ္စတာကာလစ်ဆင်"

သစ်တောဝန်ထောက်ဦးလှဖေက စိတ်ဝင်တစားဖြင့်မေးလိုက်သည်။

"ထုံးဖိုအရှေ့ဘက် ရွာတစ်ရွာမှာပါ အဲဒီရွာကတစ်ခြားအိမ်တွေနဲ့လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မနိုးဘူး။ ကျွန်ုပ်တောင်မှဆိုးတစ်ယောက်နဲ့တောလည်လိုက်သွားရင်းတွေ့ခဲ့တာ"

"ခြော် ..."

"ရိုးမတောထဲမှာပြောလို့ရတယ် ထူးဆန်းတာက အဲဒီတစ်ရွာလုံးနေ ကြတာပဲ"

"ဟင်"

ဦးလှဖေ၊ သူကြီးနှင့်နားထောင်နေသူတွေ အံ့ဩသွားကြသည်။

"နေတာလည်းအိမ်တောင်ကျမှုနေကြတာ လူပျို အပျိုတွေကချောမှချော ပဲဗျာ၊ သွားတော့လက်မထပ်နဲ့နော် အနုဘာဝရောက်သွားမယ် ...

အဲဒီရွာရဲ့ရွာလူကြီးအိမ်က ဒီအိမ်မဲကြီးပုံမျိုးဗျ"

အရေးပိုင်မင်း မစ္စတာကာလစ်ဆင်ပြောတာတွေက ပိုလို့စိတ်ဝင်စားစရာ ကောင်းလာသည်။

"ကျွန်ုပ်တို့ မြို့ရောက်လို့မြေပုံကြည့်တော့ မြေပုံထဲမှာ အဲဒီရွာမပါဘူး ... မုဆိုးကိုမေးကြည့်တော့ သူလည်းကျွန်ုပ်နဲ့ရောက်တာ ပထမဆုံးအကြိမ်ပဲ လို့ပြောတယ်"

"အရေးပိုင်မင်းပြောတဲ့အထဲမှာ နှစ်နေရာလို့ပြောတယ် နောက်တစ် နေရာကိုပြောပါဦး"

ဦးလှဖေက စကားကိုထောက်ပေးလိုက်ရာ မစ္စတာကာလစ်ဆင်က

"နောက်တစ်နေရာက သာယာဝတီအရှေ့ဘက်မှာပါ မိုးခိုဆိုတဲ့ရွာလေး တစ်ရွာပေါ့ အဲဒီရွာကလူတွေကပုံမှန်ပဲ ဒီအိမ်ကြီးလိုဆောင်ထားတဲ့အိမ်ကသာထူး ဆန်းတာ"

"ဘယ်လိုထူးဆန်းတာလဲ"

"အဲဒီအိမ်မှာရှိတဲ့ အိမ်သားတွေဆွံ့အနေကြတာပဲ ... ပြောရရင် ... နိုင်စရာတောင်မရှိဘူး ...

ဆွံ့အတဲ့လူတွေက နားမကြားကြဘူး။ မိုးခိုရွာက အိမ်ကြီးက လူတွေက ... ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စကားမပြောတတ်တာကလွဲရင် အားလုံးပုံမှန်ပဲ အလုပ်လည်းမယ် မယ်ရရလုပ်တာမတွေ့ဘူး။ တစ်ခုတော့ရှိတယ် သူတို့လူယုံအဘိုးကြီးတစ်ယောက် ကတော့ တစ်နှစ်ကိုနှစ်ခါလောက်အပြင်ထွက်သွားတာ လနဲ့ချည်ကြာတယ်လို့ ပြောတာပဲ"

ပြောပြလိုက်ရာ အားလုံးစိတ်ဝင်တစားနှင့်နားထောင်နေကြသည်။

သူကြီးက ...

"အရေးပိုင်မင်းတို့ ဒီညသည့်ခန်းမှာပဲအိပ်မှာမလား"

"အင်း ... ဧည့်ခန်းမှာအိပ်တာကောင်းပါတယ်၊ မနက်ရောက်မှ တစ်အိမ်လုံးကိုလိုက်လေ့လာတော့မယ် ဦးလှဖေရော ... "

မစ္စတာကာလစ်ဆင်က ဦးလှဖေသဘောကိုမေးရာ ဦးလှဖေကခေါင်း ညိတ်ပြလိုက်ပြီး ...

"ဧည့်ခန်းမှာပဲအိပ်ကြတာပေါ့"

ပြောရာ အရေးပိုင်မင်းမစ္စတာကာလစ်ဆင်၏ သက်တော်စောင့်ဝန်ထမ်း များက သူကြီးတို့လာပို့ထားသည့် ဖျာ၊ ခေါင်းဦးစောင့်တို့ကို ခင်းပေးကြသည်။

သူကြီးက ...

"ကျုပ်တို့လည်းပြန်ဦးမယ်၊ ညဉ့်နက်နေပြီ အရေးပိုင်မင်းတို့လည်း နားလိုက်ကြပါဦး"

"ကောင်းပါပြီ"

"သူကြီးနှင့်ဆယ်အိမ်မှူးကိုသာချို လူငယ်တချို့က အိမ်မဲကြီးဆီမှ ပြန်ကာလာခဲ့တော့သည်။

❖ ၂၂ ❖



www.burmeseclassic.com

www.burmeseclassic.com

ပခုံးပေါ်သို့ရုတ်တရက်ကျလာသည့်
လက်ဝေါးကြီးကြောင့်
လှည့်ကြည့်လိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### အိမ်ခြံကြီးမှာတစ်ည

ညကတဖြည်းဖြည်းနှင့်ပိုနက်လာသည်။ မစ္စတာကာလစ်ဆင်၊ ဦးလှဖေ နှင့်သက်တော်စောင့်ကိုယ်ရံတော် တချို့အိပ်မောကျလို့နေသည်။

အိမ်အဝင်အဝဆင်ဝအောက်မှာတော့ အရေးပိုင်မင်း၏သက်တော် စောင့် တစ်ယောက်ကသေနတ်ကိုင်ကာ သူ့အလှည့်တာဝန်ကင်းစောင့်လို့နေ၏။

ကင်းစောင့်သည့် သက်တော်စောင့်နာမည်မှာ ရာကွက်ဖြစ်သည်။

သူက ဒုတိယမြောက်ကင်းသမား သူ့အရင်ကင်းသမားကတော့ သူ့တာဝန်ချိန်ကုန်သွား၍ ရာကွက်ကိုနိုးကာ တာဝန်လဲလှယ်လို့သွားလေပြီ။

အရေးပိုင်မင်းက သူ့ရဲ့သက်တော်စောင့်များကို လူမျိုးခြားများကိုသာ ထားသည်။ မြန်မာလူမျိုးများကို သူစိတ်မချ မြန်မာလူမျိုးတို့ကမျိုးချစ်စိတ်ပြင်း ထန်သည်။

သူတို့ကို အခွင့်အရေးရလျှင်ပြန်တွန်းလှန်မည်ဆိုတာ သူတို့ရဲ့စိတ်ထဲ သိပြီးဖြစ်၏။

"ရာကွက်" ဘင်္ဂလားနယ်ကဖြစ်သည်။ နက်မှောင်သောအသားအရေ နှင့်ခန္ဓာကိုယ်ကတောင့်တောင့် မျက်နှာမှာတော့မုတ်ဆိတ်မွှေး နှုတ်ခမ်းမွှေး တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆေသပ်စွာထားသည်။

သူတာဝန်ကျသည့်အချိန်က ညဆယ့်တစ်နာရီမှတစ်နာရီထိဖြစ်သည်။

ထိုအချိန်တွင်းမှာတော့ အရေးပိုင်မင်းရှိသည့်နေရာကို မည်သည့်ရန်သူမှမလာနိုင်အောင် ဂရုစိုက်ရသည်။

ရာကွက်ထိုင်ရတာကြာတော့ အညောင်းပြေမတ်တတ်ရပ်ကာ လမ်းလျှောက်လိုက်သည်။

"ဟင်"

ရာကွက်နာခေါင်းထဲသို့ ပုပ်အက်အက်အနံ့ဆိုးတစ်ခုဝင်ရောက်လို့လာသည်။

"အု ... အွး ... အွး ... "

ရွာထဲမှာခွေးအူသံတွေသံပြိုင်ထွက်လာတာကြောင့် ရာကွက် ကြက်သီးနှင်းထလို့သွားသည်။ ခြံထဲကိုလည်း မျက်လုံးဝေ့ကာလိုက်၍ကြည့်လိုက်ရာ ထူးခြားတာဘာမှတွေ့ရ ...

အပုပ်နံ့ကတော့ နှာခေါင်းထဲတွင်ရနေဆဲဖြစ်သည်။

"ရှပ် ... ရှပ်"

ခြေသံတစ်ခုကိုနားထဲတွင်ကြားလိုက်ရသည်။

"ဟင်"

လိုက်ရှာကြည့်လိုက်တော့ ဘယ်သူ့ကိုမှမတွေ့ရ — လက်ထဲတွင်ကိုင်ထားသည့် သေနတ်ကိုအမှောင်ရိပ်ထဲသို့ထိုးချိန်ကာ ရှာဖွေသော်လည်း ဘာကိုမှမမြင်ရသဖြင့် လွန်စွာချောက်ချားလာသည်။

ခန္ဓာကိုယ်ကိုတစ်ပတ်လှည့်ကာကြည့်၏။

"ဖတ်"

"ဟင်"

ရာကွက်၏ ပခုံးကိုအေးစက်သည့်လက်ကြီးတစ်ဖက်ကလာရောက်တင်ရာ လန့်လို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုတဖြည်းဖြည်းချင်းလှည့်ကြည့်လိုက်ရာ ...

"အမလေး ... "

ရာကွက်လက်ထဲကသေနတ်ပြုတ်ကျလို့သွားပြီး ငယ်သံပါအောင်အော်ဟစ်လိုက်သည်။

တွေ့လိုက်သည့်မြင်ကွင်းက မယုံနိုင်စရာ၊ ရာကွက်အိမ်ထဲသို့အတင်းပြေးကာဝင်လာတော့သည်။

❖၅❖



www.burmeseclassic.com

www.burmeseclassic.com

"ဆ ... ဆရာ ... ဆရာ ... ထပါဦး"

"ဟေ ... "

အရေးပိုင်မင်း မစ္စတာကာလစ်ဆင်က ရာကွက်၏နိုးသံကြောင့်ထထိုင်လိုက်သည်။

အရေးပိုင်မင်းနှင့်အတူ တခြားလူများလည်းနိုးလာရာ အလွန်တရာမှချောက်ချားနေသော ရာကွက်ကိုတွေ့ရသဖြင့်အရေးပိုင်မင်းက –

"ဘာဖြစ်တာလဲ ရာကွက် ... "

"သ ... သရဲ ... ခြံထဲမှာ ... "

ရာကွက်မျက်လုံးပြူး မျက်ဆံပြူးနှင့်ပြောရာ အရေးပိုင်မင်းကပြုံး၍

"ရာကွက်ကတော့လုပ်ပြီကွာ မြင်ချင်ရာတွေမြင်ပြီးလျှောက်ပြောနေတယ်"

"မ – မဟုတ်ပါဘူးအရေးပိုင်မင်း၊ ကျွန်တော်တကယ်တွေ့တာပါ၊ မျက်နှာကလည်း ကြောက်စရာကောင်းလိုက်တာမပြောနေနဲ့"

"ကဲ – ရာကွက် ဒီလောက်တောင်ကြောက်နေရင် နောက်ဂျူတီတယ်သူ့အလှည့်လဲ"

အရေးပိုင်မင်းက သူ့ကိုယ်ရံတော်တပ်ဖွဲ့များဘက်လှည့်ကာမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အလှည့်ပါ ... "

"မာမွတ်အလှည့်လား ... အေး ... အေး မင်းစောင့်လိုက်တော့ ရာကွက်နားလိုက်ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့ပါအရေးပိုင်မင်း"

မာမွတ်ကတော့ ဂျူတီဝင်ရန်အသင့်ပြင်ဆင်လို့ထားသည်။ ရာကွက်ကတော့ သူ့တပ်ဖွဲ့တွေကြားဝင်ရောကာအိပ်ရန်ပြင်လိုက်၏။

အရေးပိုင်မင်းက ရာကွက်တို့ဘက်လှည့်၍ ...

"မင်းတို့ ကိုယ်ယုံကြည်ရာဘုရားသခင်ကိုစိတ်မှန်းပြီးတော့သာအိပ် ဘယ်သရဲတစ္ဆေမှမနှောင့်ယှက်နိုင်ဘူးကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါအရေးပိုင်မင်း"

အားလုံးခေါင်းညိတ်လိုက်သည်။ အရေးပိုင်မင်းက ပြန်၍လှဲနေလိုက်ပြီး မာမွတ်ဂျူတီစောင့်ရန် အိမ်ပေါက်ဝမှခြံထဲသို့ဆင်းသွား၏။

မာမွတ်စိတ်ထဲမှာ ရာကွက်ကိုလုံးဝမကျေနပ် ... သရဲအခြောက်ခံရသည်ဟု အကြောင်းပြကာ ဂျူတီချိန်မစေ့သေးဘဲ အိပ်ရာသို့ဝင်ခဲ့သည်။

သူက အခုတော့ နာရီဝက်ပို၍ဂျူတီစောင့်ရလေပြီ ...

အိပ်ရေးကလည်း ဝသေးတာမဟုတ်။

တစ်ယောက်တည်းတွေးချင်ရာတွေး၍ သေနတ်ကိုပခုံးမှာထမ်းပြီး လျှောက်လို့နေသည်။

ထိုစဉ် ...

"အု ... အူး ... အူး"

ရွာထဲမှာခွေးအူသံကိုကြားလိုက်ရသဖြင့် စိတ်ထဲတစ်မျိုးဖြစ်လို့သွားသည်။ ထိုအသံများကမကောင်းဆိုးဝါးလာလျှင် ကြားရသည့်အသံမျိုးဟုသူ သိထား၏။

"အု ... အူး ... အူး"

ခွေးအူသံတွေက တဖြည်းဖြည်းခြံနှင့်နီးလို့လာသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းဝ၌လွှန်စွာစူးရှသော အပုပ်နံ့ကထောင်းခနဲဝင်လို့လာရာ ကြက်သီးများထလို့သွားသည်။

ရာကွက်လည်းအခုလိုအသံမျိုးနှင့် အနံ့ကိုရခဲ့လေလားဆိုတာ စိတ်ထဲ သံသယဖြစ်လို့လာသည်။

"ဘုန်း ..."

"အ ... မ ... လေး"

သူ့ရဲ့နောက်ကျောဘက်ဆီမှ လွန်စွာလေးလံသော အရာဝတ္ထုတစ်ခု ပစ်ကျသံကိုကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ —

"ခေါင်း ... ခေါင်းနက်ကြီး"

ပါးစပ်ကတုန်ရီနေသောအသံဖြင့် ရေရွတ်ကာအိမ်ထဲသို့ပြေးဝင်ကာလာ လိုက်တော့သည်။

"အမလေး လုပ်ကြပါဦး ခေါင်းနက်ကြီး"

ကျယ်လောင်သောအသံဖြင့်အော်ဟစ်လိုက်သည့် မာမွတ်၏အသံ ကြောင့် အိမ်ထဲမှလူအားလုံးနိုးသွားကြသည်။

"ဘာဖြစ်တာလဲ မာမွတ်"

"အိမ် ... အိမ်ရှေ့မှာခေါင်းနက်ကြီး"

အရေးပိုင်မင်းမေးတာကို မာမွတ်ကအိမ်ရှေ့သို့လက်ညှိုးထိုးကာဖြေ လိုက်သည်။

"မင်းတို့ကတော့ ခက်တာပဲကွာ တစ်ယောက်ပြီးတစ်ယောက် ကဲမင်း ပြောတဲ့ခေါင်းနက်ကြီးဘယ်မှာလဲ ငါလိုက်ကြည့်မယ် — "

"ဟုတ် ... ဟုတ်ကဲ့"

အရေးပိုင်မင်းကသွားကြည့်မည်ဆိုတော့ အားလုံးမတ်တတ်ထရပ်လိုက် သည်။

"လာ ... သွားကြည့်ကြမယ်"

အရေးပိုင်မင်းက မာမွတ်နှင့်အတူ အိမ်ရှေ့သို့ထွက်ကာသွားတော့ ကျန်လူများကလည်း နောက်မှလိုက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမွတ်က သူတွေ့ခဲ့သည့်နေရာရောက်သောအခါ ...

"ဟင်"

"ဖော့ကောင်မာမွတ် မင်းပြောတဲ့ခေါင်းနက်ကြီးက ဘယ်မှာလဲ"

"ခုနက ဒီနေရာမှာ"

"ဟာ ... ဒီကောင်ကြောင်တောင်တောင်နဲ့ အဲဒီနေရာမှာဆိုရှိရမှာပေါ့ အိပ်ချင်မူးတူးနဲ့မြင်ချင်ရာတွေမြင်တယ်နဲ့တူတယ်"

အရေးပိုင်မင်းကအပြစ်တင်ကာပြောတော့ မာမွတ်ကသူတွေ့ခဲ့သည့် ခေါင်းနက်ကြီးနေရာကိုကြည့်ပြီး နားမလည်နိုင်အောင်ဖြစ်နေသည်။

အရေးပိုင်မင်းက ...

"တစ်ယောက်ကျတော့စောင့်လည်း တစ်မျိုး၊ နောက်တစ်ယောက်စောင့်တော့လည်း နောက်တစ်မျိုး ...

ကဲကွာ ... အကုန်လုံးသာစောင့်ကြ တစ်ယောက်မှမအိပ်ကြနဲ့"

ဒေါသဖြစ်ကာပြော၍ ခြေလှမ်းကျဲကြီးတို့ဖြင့် အိမ်ပေါ်သို့ပြန်တက်ကာသွားသည်။ သစ်တောဝန်ထောက်မင်း ဦးလှဖေက အရေးပိုင်မင်းအား_

"အရေးပိုင်မင်း ကျုပ်စောစောကအသံကြားမိတယ် အိပ်မက်မက်နေတယ်ထင်လို့"

"ကိုလှဖေရယ် ... အသံကြားရင်တွေ့ရမှာပေါ့ အခုသွားကြည့်တာ ဘယ်မှာတွေ့လို့လဲ"

"အရေးပိုင်မင်း သရဲတစ္ဆေ နာနာဘာဝဆိုတာ ခြောက်လှန့်တဲ့လူကို ပဲမြင်စေတာမလား အင်းလေ ဒါတွေကပြောရခက်ပါတယ်"

"ကိုလှဖေ ကျုပ်မယုံလို့မဟုတ်ဘူး ကျုပ်ကိုယ်တိုင်လက်တွေ့မကြုံသေးလို့ ကဲပါလေ ... အိပ်ရေးပျက်ပါတယ် အိပ်ကြရအောင်"

ဦးလှဖေလည်းဘာမှမပြောတော့ဘဲ သူ့အိပ်ရာပေါ်လှဲကာအိပ်ဖို့ ကြိုးစားလိုက်တော့သည်။

❖ ၇ ❖



www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝဆိုတာ

သူတို့နေရာနှင့်သူတို့နေကြတာပါ ...

သူတို့နေရာကိုသွားပတ်သတ်ရင်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ရုံနက်ကြီးကိုခေါင်းဆောင်းထားသည့်

လူကြီးက ... ဆီမီးခွက်ဝါလင်းရောင်

အောက်မှာနေ၍ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

**သတိပေးသံ**

"ဖတ်"

"ဟင်"

ရုတ်တရက်ပုတ်နှိုးလိုက်သည့် အထိအတွေ့ကြောင့် အရေးပိုင်မင်းလန့်နိုးကာ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ လူတစ်ယောက် ...

အသားအရေကလည်း တစ်ကိုယ်လုံးကိုမည်းနက်နေသလို ခန္ဓာကိုယ်ကလည်းတောင့်တင်းလှ၏။ ထူးခြားတာက ခေါင်းတွင်ဆံပင်လုံးဝမရှိဘဲ ပြောင်လို့နေသည်။

ထိုလူမဲကြီးက မတ်တတ်ရပ်အနေအထားဖြစ်တာကြောင့် အရေးပိုင်မင်းကထထိုင်လိုက်သည်။

သူ့မလှမ်းမကမ်းမှာအိပ်နေသည့် ဦးလှဖေက အိပ်မောကျလို့နေသည်။

"မင်း ... ဘယ်သူလဲ"

" ... "

အရေးပိုင်မင်းက လေသံတည်တည်ငြိမ်ငြိမ်နှင့်မေးသော်လည်း ထိုလူမဲကြီးကမဖြေ သူနှင့်လိုက်ရန်သာ ခြေဟန်လက်ဟန်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ငါဘယ်ကိုလိုက်ရမှာလဲ"

"..."

လူမဲကြီးက အပေါ်ထပ်သို့လက်ညှိုးထိုးပြသည်။

"ဟုတ်ပြီ မင်းရှေ့ကသွား ငါနောက်ကလိုက်မယ်"

"အင်း"

လူမဲကြီးရှေ့မှသွား၍ အရေးပိုင်မင်းနောက်မှလိုက်လို့လာသည်။

ညည့်ခန်းဘေးလှေကားမှတစ်ဆင့် အပေါ်ထပ်သို့တက်လာရာ မှောင်နေသော်လည်း အပေါ်ထပ်ရောက်သောအခါ ဆီမီးဖြင့်ထွန်းထားသည့် အလင်းရောင်မှိန်မှိန်ကိုတွေ့ရသည်။

"ဟင်"

အပေါ်ထပ်တွင် ကျွန်းရောင်တို့ဖြင့်ပြောင်လက်နေသည့် ညည့်ခန်းထဲမှာ သားနားလွန်းလှသည်။

ထိုင်ခုံများမှာလည်း ကနုတ်ပန်းများဖြင့်အနုပညာမြောက်အောင် ထွင်းထုထားပုံမှာ အရေးပိုင်မင်းက သူ့မျက်လုံးများကိုတောင်မယုံချင်ဖြစ်မိသည်။

လူမဲကြီးက အရေးပိုင်မင်းကိုထိုင်ရန် လက်ညှိုးညွှန်ပြလိုက်ရာ အရေးပိုင်မင်းက ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။ လူမဲကြီးကတော့ အရေးပိုင်မင်းထိုင်ခုံနောက်ကျောတွင် မတ်တတ်ထရပ်ကာနေသည်။

ခြေသံတစ်ခုကိုကြားရပြီးနောက် ဝတ်ရုံနက်ကြီးကိုဝတ်၍ ခေါင်းဆောင်းထားသည့် လူကြီးတစ်ဦး အရေးပိုင်မင်းရှေ့သို့ရောက်လာကာ မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

အရေးပိုင်မင်းက

"ကျုပ်ကို ဒီရွာသူကြီးကပြောတယ် ဒီအိမ်ကြီးမှာ ဘယ်သူမှ မနေဘူး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခုခင်ဗျားတို့က ... ''

ပြောလိုက်ရာ ဝတ်ရုံနက်ကြီးနှင့်လူက

''ဟား ... ဟား ... ''

အားရပါးရရယ်မောလိုက်ရာ အရေးပိုင်မင်းက

''ခင် ... ခင်ဗျား ... ဘာရယ်တာလဲ ... ''

ဝတ်ရုံနက်ကြီးက ရယ်မောရင်း ခေါင်းခါပြလိုက်၏။

ပြီးနောက် ...

လက်တစ်ဖက်ကိုမြှောက်လျက် အိမ်အပြင်ဘက်သို့ထွက်သွားရန် ပြုလုပ်ပြသည်။

''ကျုပ်တို့ကို ဒီမှာမနေစေချင်တာလား''

'' ... ... ''

လူမဲကြီးက ခေါင်းညိတ်ပြလိုက်သည်။

''ကျုပ်တို့က ဒီအိမ်မဲကြီးကို စိတ်ဝင်စားလွန်းလို့ လာတည်းတာပါ''

''ဒုံး''

လူမဲကြီးက ဒေါသဖြစ်ကာ ရုတ်တရက် မတ်တပ်ထရပ်လိုက်သည်။ လက်တစ်ဖက်ကလည်း အိမ်အပြင်သို့ထိုးပြနေသဖြင့် ထွက်သွားစေချင်မှန်းသိသာတာကြောင့် ...

''ကျုပ် ... ကျုပ်တို့ ... ''

လူမဲကြီးပုံက ခက်ထန်လွန်းလာပြီဖြစ်၍ သူတို့ကို ဒီအိမ်မဲကြီးမှာ မနေစေလွန်းမှန်း သိသာတာကြောင့် ...

''ကျုပ် ... မနက်ရောက်ရင် ထွက်သွားမှာပါ''

အရေးပိုင်မင်းစကားကြားရတော့ လူမဲကြီးက လက်မှိုင်ချရမ်းလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်မင်း၏လက်မောင်းကို တစ်စုံတစ်ယောက်က ခပ်ကြမ်းကြမ်းဆွဲကိုင်တာခံရပြီးလာသည့် လမ်းအတိုင်းပြန်လာ၍ အောက်ထပ်ရောက်တော့ ...

"ဒိုး ..."

အရေးပိုင်မင်းလဲ တွန်းချခံရသလို ကြမ်းပြင်ပေါ် ပက်လက်လှန်ကျသွားလေတော့သည်။

❖ ၂ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

အရေးပိုင်မင်းအိပ်ရာကနိုးတော့ နေတောင်အတော်မြင့်လို့နေသည်။

"အရေးပိုင်မင်း ညကကောင်းကောင်းအိပ်မပျော်ဘူးနဲ့တူတယ် အိပ်ရာထနောက်ကျတယ်"

အရေးပိုင်မင်းလှမ်းကြည့်လိုက်တော့ သူကြီးနှင့်ရွာသားသုံးယောက်က သူတို့အဖွဲ့စားသောက်ရန် အစားအသောက်များကိုပြင်ဆင်လို့နေသည်။

"ဟုတ်တယ် သူကြီး ခဏစောင့်ဦး၊ ကျုပ်မျက်နှာသစ်ကိုယ်လက်သန့်စင်လိုက်ဦးမယ်"

"အိမ်ရှေ့ စဉ့်အိုးထဲမှာရေအဆင်သင့်ရှိတယ် အရေးပိုင်မင်း"

"ဟုတ်ပြီ"

အရေးပိုင်မင်းက အိမ်ရှေ့ထွက်သွားပြီး မကြာမီလုပ်စရာရှိတာများလုပ်ပြီး အိမ်ထဲပြန်ဝင်လာသည်။

"ရွာဆိုတော့ ရှိတာလေးနဲ့ညှိခံရတာစိတ်မကောင်းဘူး၊ အရေးပိုင်မင်းကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ဖုတ်လေး စားကြည့်ပါဦး"

"ကျုပ်မြန်မာအစားအစာတွေကြိုက်ပါတယ် သူကြီး"

အရေးပိုင်မင်းက သူကြီးကျွေးတာကိုစားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ဒီအိမ်ကြီးရဲ့ရာဇဝင်ကိုဘယ်လောက်သိလဲ"

"အတိအကျရယ်တော့မသိပါဘူး သူတို့ကလည်းရွာနဲ့အဆက်အဆံ မလုပ်ဘူးလေ ကိစ္စရှိလို့လားအရေးပိုင်မင်း"

"အထူးအထွေတော့မရှိပါဘူး ကျုပ်စိတ်ဝင်စားလို့ပါ ထားပါလေ ကျုပ်တို့အပေါ်ထပ်တက်ကြည့်ရအောင်"

အရေးပိုင်မင်းက သူစိတ်ထဲဘဝင်မကျတဲ့ညကအဖြစ်အပျက်ကို သိချင် တာနှင့်ပြောလိုက်ခြင်းဖြစ်သည်။

သူအိပ်မက်မက်တာလား တကယ်ပဲဒီအိမ်ကြီးရဲ့အပေါ်ထပ်ကိုရောက် ခဲ့တာလား စိတ်ထဲသိချင်လာသည်။

"လာ ... သွားရအောင်"

အရေးပိုင်မင်းက ဦးဆောင်ကာအပေါ်ထပ်သို့တက်သည့်လှေကား အတိုင်းတက်လာသဖြင့် သူကြီးတို့လည်း နောက်မှလိုက်ကာတက်လို့လာသည်။

အပေါ်ထပ်ရောက်သောအခါ ...

"ဟင်"

ညကသူထိုင်ခဲ့သည့် ကျွန်းထိုင်ခုံကြီးများကိုမတွေ့ရဘဲ အပေါ်ထပ်ဧည့် ခန်းမှာ ဘာပစ္စည်းမှရှိမနေတာကို ထူးဆန်းစွာတွေ့လိုက်ရသည်။

ဧည့်ခန်းရဲ့အနောက်ဘက်မှာတော့ အခန်းပေါင်းများစွာကိုတွေ့ရသော် လည်း အခန်းအားလုံးမှာပိတ်လျှက်ပင်ဖြစ်သည်။

အရေးပိုင်မင်းက ဧည့်ခန်းကိုလှည့်ပတ်ကြည့်၍ ပြတင်းပေါက်အော် ပေါ်မှ မီးသေနေသည့် ဆီမီးခွက်ကိုတွေ့လိုက်ရသည်။

"ဟင်း"

ခေါင်းထဲမှာအလွန်ခက်ခဲလှသည့် ပုစ္ဆာတစ်ပုဒ်ကိုစဉ်းစားရသလို ဖြစ် လို့နေသည်။

"အောက်ထပ်ကိုပြန်ဆင်းရအောင်"

"အနောက်ဘက်တွေ မကြည့်တော့ဘူးလားအရေးပိုင်မင်း"

www.burmeseclassic.com

www.burmeseclassic.com



"မကြည့်တော့ပါဘူး သူကြီး … ဒီအိမ်ကြီးဟာအရမ်းအံ့ဩစရာကောင်းတယ် တစ်ညအိပ်ခဲ့တဲ့ကျုပ်အတွက် မကြုံဖူးတဲ့အတွေ့အကြုံရခဲ့တယ် အမှတ်တရအနေနဲ့ ဒီဆီမီးခွက်လေးကိုကျုပ်ယူသွားမယ်"

အရေးပိုင်မင်းက ဆီမီးခွက်လေးကိုတယုတယကိုင်ကာ အောက်ထပ်သို့ဆင်းလာခဲ့တော့သည်။

❖ ၉ ❖



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်ကို နိုင်ရေးပိုင်ရေးတွေ ရှိကြမှာပါ

တကယ် ပိုင်နိုင်တာက

မေတ္တာလက်နက်နဲ့ဆိုတာကို

မသိတဲ့လူတွေက ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆရာနှင့်နှင်းမည်

အရေးပိုင်မင်းမစ္စတာကာလစ်ဆင်က အိမ်မဲကြီးမှာတစ်ညသာအိပ်၍ ပြန်သွားသောအခါ သူကြီးကရွာထဲရှိရပ်ရွာလူကြီး တစ်ချို့ကိုခေါ်၍ ...

"အရေးပိုင်မင်းကြည့်ရတာ မျက်နှာလဲမကောင်းပဲပြန်သွားတယ် အိမ်မဲကြီးက ဝိညာဉ်တွေခြောက်လှန့်လိုက်တယ် ထင်တယ်"

ပြောလိုက်ရာ ရွာထဲက ဦးဖိုးထိန်ဆိုတဲ့ လူကြီးက ...

"ကျုပ်တို့ရွာမှာအဲ့လိုအိမ်ကြီးမျိုးရှိတာ ရွာအတွက်လုံးဝမကောင်းဘူး မီးသာတိုက်ပစ်လိုက်ချင်တယ်"

"အဲ့လိုလုပ်ပစ်လို့လဲ မဖြစ်သေးဘူးလေ အဲ့ဒီအိမ်ကြီးကို မီးတိုက်ရင် ရွာပါမီးလောင်မှာပေါ့"

သူကြီးကထိန်းထိန်းသိမ်းသိမ်းဝင်ပြောလိုက်သည်။

သံနိုင်အဖေ ဦးဘခင်က ...

"အိမ်မဲကြီးရဲ့ခြံထဲမှာ ဆရာတော်ပင့်ပြီးပရိတ်ရွတ်ရင် ကောင်းမလား သို့"

"ဟာ ... ဦးဘခင်ကလဲ အိမ်မဲကြီးထဲမှာ ပရိတ်ရွတ်ရင် အဲ့ဒီအထဲ



www.burmeseclassic.com

www.burmeseclassic.com



တကောင်တွေရှာထဲရောက်ကုန်မှာပေါ့ ...

အဲ့ဒီကျမှတစ်ရွာလုံး ဒုက္ခရောက်ကုန်ကျမှပေါ့"

ကိုသာချိုကပြောလိုက်ရာ သူကြီးကခေါင်းတညိတ်ညိတ်နှင့် ...

"သာချိုပြောတာလဲ ဖြစ်နိုင်တာပဲ ဘယ်လိုစဉ်းစားရမှန်းကို မသိတော့ပါဘူးဗျာ"

ထိုစဉ် ...

ဘယ်အချိန်ကရောက်လာမှန်းမသိသည့် သံနိုင်ကဝင်၍ ...

"အိမ်မဲကြီးက တစ္ဆေသရဲတွေကိုနှင်ချင်တာလား"

ပြောရာ အားလုံးရဲ့အကြည့်တွေက သံနိုင်ဆီသို့စုပြုံကာရောက်လို့သွားသည်။

"မင်းက ဘာလုပ်တတ်လို့လဲ"

သူကြီးက သံနိုင်ကိုလှမ်းမေးလိုက်၏။

သံနိုင်က ခုံလွတ်တစ်လုံးမှာဝင်ထိုင်ပြီး ...

"ကျုပ်မိတ်ဆွေပေါက်ကုန်းရွာသားနှစ်ယောက်ကပြောတယ် သူတို့ဆရာက သရဲတစ္ဆေနာနာဘာဝတွေကို တအားနိုင်တယ်တဲ့ ...

အဲဒီဆရာရဲ့ကြိမ်လုံးရိုက်တဲ့ဒဏ်ကို ဘယ်နာနာဘာဝကမှ မခံနိုင်ဘူးပြောတယ်"

"ဟုတ်လို့လား သံနိုင်ရယ်၊ တော်ကြာမဟုတ်တာတွေဖြစ်လာရင် ရွာပါဒုက္ခရောက်နေပါဦးမယ်"

သူကြီးက သံနိုင်စကားကိုမယုံ၍ထပ်မေးလိုက်သည်။ သံနိုင်ပုံကလည်း ယုံနိုင်စရာမရှိ အမြဲတမ်းထန်းရည်မူးနေသူဖြစ်သည်။

"ကျုပ်တကယ်ပြောတာသူကြီး ဆရာက သူ့ဘာသာသူစိစဉ်တော်မှာပါ"

"ဟုတ်တယ်သူကြီး နာနာဘာဝတွေဆိုတာ အဲဒီဆရာတွေပဲနိုင်တာ"

ကိုသာချိုကလည်းဝင်၍ထောက်ခံလိုက်သည်။ ဦးဘခင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သားက အပေါင်းအသင်းဆန့်တယ်ဗျ။ သူပြောတဲ့အတိုင်းလုပ်ကြည့်လိုက်ပါ အဲကျိုးမယုတ်လောက်ပါဘူး"

"အင်းလေ _ စမ်းကြည့်တာပေါ့ သံနိုင်အဲဒီကိစ္စမင်းပဲကြည့်စီစဉ်လိုက် မင်းကိုတာဝန်ပေးတယ်"

"စိတ်ချ သူကြီး"

သံနိုင်က စိတ်ချစွာခေါင်းညိတ်လိုက်တော့သည်။

❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"သားရယ် ရွာပြန်လာတာအမေ့ကိုကြိုအကြောင်းကြားပေါ့"

ဒေါ်ခင်ညိုက ခြံထဲဝင်လာသည့်သားဖြစ်သူ မင်းညိုအား အားရဝမ်းသာဆီးကြို၍ပြောလိုက်သည်။

"လူကြုံရှိလို့အမေရဲ့ အမေ့အတွက်အဝတ်အထည်တွေ ဝယ်လာတယ် ကြည့်ပါဦး"

မင်းညိုက သူလွယ်လာသည့် လွယ်အိတ်ကြီးထဲမှအဝတ်အစားတို့ကို ထုတ်ကာ သူ့မိခင်ဒေါ်ခင်ညိုအားပေးလိုက်သည်။

"များလှချည်လား သားရယ် ... အမေတစ်ယောက်တည်းအတွက် အဲဒီလောက်မလိုပါဘူး သားရဲ့"

ဒေါ်ခင်ညိုကပြောတော့ မင်းညိုကပြုံးစိစိနှင့် ...

"ကြာဖြူအတွက်ပါ အမေရဲ့"

"အမေထင်ပြီးသားပါ သားရယ်၊ သားကို သက်သက်မေးတာ သားကို ပြောရဦးမယ်"

"ဘာများလဲ အမေ"

"ဟိုတစ်ရက်ညက ကြာဖြူအမေတို့အိမ်မှာညလာအိပ်တယ်"

"ဟင် ... ဘယ်လို အမေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းညိုအံ့ဩသွားသည်။ ကြာဖြူကစိတ်မနှံ့သူလေး ဟိုစဉ်တည်းက အဝတ်အထည်နှင့်အစားအသောက်ကို သူမိခင်ဒေါ်ခင်ညိုက ဆင်ပေးခဲ့သည်။

နောက်တော့ သူမြို့ပွဲရုံမှာအလုပ်သွားလုပ်ရင်း ရွာပြန်လာတဲ့အခါ အမေ့အတွက်နှင့် ကြာဖြူအတွက်အမြဲဝယ်လာလေ့ရှိသည်။

ကြာဖြူကစိတ်မနှံ့ပေမယ့် မင်းညိုတို့သားအမိကိုတော့သိသည်။

မင်းညိုစကားကိုနားထောက်သကဲ့သို့ ခင်လည်းခင်ရှာသည်။ ကြာဖြူ တို့မိဘတွေက ဒေါ်ခင်ညိုအပေါ်ကျေးဇူးရှိထားသည်ကို မင်းညိုသိထားတာ ကြောင့် အားကိုးရာမဲ့၍ စိတ်မနှံ့သည့် ကြာဖြူအပေါ်၌ မင်းညိုက ဂရုဏာထား တာ ဂရုစိုက်၏။

"သား … ဘာတွေစဉ်းစားနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး အမေရယ်၊ နေပါဦး ကြာဖြူကအိမ်မှာ ဘာလို့ ညလာအိပ်တာလဲ"

"မြို့က အရေးပိုင်မင်းရွှာရောက်လာတယ်သားရဲ့ သစ်တောကြီးပိုင်း ဆက်လာရင်း ဝင်လာတာ ကြာဖြူတို့အိမ်ကြီးကိုကြည့်ပြီး ညဘက်အိပ်ချင်တယ် ဆိုတာနဲ့ ကြာဖြူကိုအမေကအိမ်မှာခေါ်သိပ်တာ"

"ဩော် … "

မင်းညိုက သဘောပေါက်သွားသည်။

"နားပါဦးလား သား … အဝေးကြီးကလာရတာ ပင်ပန်းတာပေါ့"

"မနားသေးဘူးအမေ၊ အခုချိန်လောက်ဆို ကြာဖြူဘယ်မှာရှိမလဲ"

"နံ့သာကုန်းဘုရားမှာရှိချင်ရှိ မရှိရင်ရွာထိပ်မှာ ကလေးတွေနဲ့ဆော့နေ မှာပေါ့"

"သား … ကြာဖြူ နောက်လိုက်သွားလိုက်ဦးမယ်အမေ၊ သားပြန်လာ တာကိုကြာဖြူသိရင်ဝမ်းသာမှာ"

"အမေသွားခေါ်လိုက်မယ်လေ သားနားလိုက်ပါ"

ဒေါ်ခင်ညိုကပြောရာ မင်းညိုက …



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် အမေရဲ့"

ပြော၍ ခြံထဲမှာသွက်လက်သောခြေလှမ်းတို့ဖြင့် ကြာဖြူရှိသည့်နေရာသို့ထွက်ကာသွားတော့သည်။

"အင်း ... ငါ့သားကတော့ ကိုယ့်ဒုက္ခကိုယ်ရှာနေပါလား၊ အင်းလေ လူတိုင်းမှာကိုယ့်အကြောင်းတရားနဲ့ကိုယ်ရှိတာပဲ"

ဒေါ်ခင်ညိုတစ်ယောက် သူ့သားမင်းညိုရဲ့ကျောပြင်ကိုကြည့်ကာ စိတ်ထဲမှရေရွတ်လိုက်မိသည်။

❖ ၈ ❖



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ရဲ့အကြွေးက ဘဝသစ်ထိ
လွမ်းဆွေးနေရတယ်ဆိုတာ
ဝဋ်ကြွေးရှိသူတိုင်းသိမှာပါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

**မိန္ဒာတိုစောင့်ရှောက်သူ**

ရွှေနှံ့သာလွမ်းစေတီလေးရဲ့ ဘုရားရင်ပြင်ကနေ ဟိုးအဝေးမှာရှိသည့် ရိုးမတောင်တန်းကြီးများကို ငေးကြည့်နေသည့် ကြာဖြူတစ်ယောက်သူနားသို့ မင်းညိုရောက်လာတာကိုမသိ ...

မင်းညိုကလည်း အသံမပေးဘဲကြာဖြူနောက်နားမှာရပ်၍ ...

"ဟိတ် ... ကြာဖြူ"

"ဟဲ့ ... ဘာလဲဟ ... ဟင်"

ကြာဖြူက လန့်သွားပြီးလှည့်ကြည့်လိုက်ရာ မင်းညိုကိုတွေ့သွားပြီး အံ့သြစွာဖြင့် ...

"နင် ... နင် ... "

"ငါ ... မင်းညိုလေ ကြာဖြူ ... ဘာလဲငါ့ကိုမမှတ်မိတော့ဘူး လား"

"ခစ် ... ခစ် ... ခစ် ... "

မင်းညိုကပြောတော့ ကြာဖြူကအားရပါးရရယ်မောလိုက်သည်။

"ဟဲ့ ... ဘာရယ်တာလဲ ငါ့ပုံကရယ်စရာဖြစ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ ... နင်က မနေ့ကနဲ့မတူဘူး အရပ်လည်းရှည်လာတယ် ကိုယ်လုံးကလည်းအကြီးကြီး တစ်ရက်တည်းနဲ့များဟယ် နင်ကဘာတွေစားလိုက်လို့လဲ"

"ဟင်"

မင်းညို ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်သွားသည်။ ကြာဖြူက သူ့ကို မတွေ့တာကို မှတ်မိပုံမပေါ် ...

"နင်ဘာလုပ်နေတာလဲ ကြာဖြူရဲ့"

"ဘာကိုလဲ ... "

"ဟို ရိုးမတောင်တန်းကြီးကိုကြည့်နေတာကိုမေးတာလေ"

မင်းညိုအမေးကြောင့် ကြာဖြူမျက်နှာချက်ချင်းအိုလို့သွားပြီး ...

"ငါ မောင်တော်ကိုစောင့်နေတာ မောင်တော်ကလေ ဟောဒီတောင်တန်းကြီးတွေဖြတ်ပြီး ငါ့ဆီလာမှာ"

"ကြာဖြူရယ်"

"မောင်တော်လာရင် ဟောဒီရွှေနန်းသာစေတီလေးကို တို့နှစ်ယောက်ထီးတင်ကြမှာ အဲဒီအခါကျမှ တို့တွေရဲ့ ဘဝအဆက်ဆက် သင့်ခဲ့တဲ့ ကျိန်စာလည်း ပျောက်သွားမှာလေ"

"ကြာဖြူရယ် အဲဒီအတွေးတွေကြောင့်နင်အခုလိုဖြစ်နေတာ မတွေးနဲ့တော့နော်"

မင်းညိုက စကားကြောင့် ကြာဖြူက မင်းညိုကိုခပ်စိမ်းစိမ်းကြည့်လိုက်သည်။

"ဘာလဲ နင်ကငါပြောတာမယုံလို့လား"

"မ ... မ ... ဟုတ်ပါဘူး"

"ငါ့မောင်တော်လာရင် နင်တွေ့လိမ့်မယ်၊ သူ့ရဲ့ဗလကနင့်လိုအမျိုးအားလည်းအရမ်းကောင်းတယ်၊ တော်ရုံလူသုံးယောက်လောက်ကတော့ အသာလေးကိုင်ပေါက်လိုက်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူက အားရပါးရပြောတာကို မင်းညိုငြိမ်၍နားထောင်နေလိုက်သည်။

စိတ်မနှံ့တဲ့ ကြာဖြူကို တစ်ရွာလုံးကပစ်ပယ်ထားပေမယ့် မင်းညိုတို့သားအမိကတော့ မပစ်ပယ်ရက် ...

ငယ်ငယ်ကဆို တခြားလူတွေကြာဖြူကိုစလျှင် မင်းညိုမကြိုက်၊ ရန်ဖြစ်ရတာ ခဏခဏ ကြာဖြူကြောင့်မင်းညို တခြားလူနှင့်ရန်ဖြစ်လျှင် ကြာဖြူက လက်ခုပ်တီးကာအားပေးသည်။

ထိုအခါ ပျော်လည်းပျော်လို့နေ၏။

ဘယ်ဘဝကသံယောဇဉ်တွေနှင့် ကြာဖြူအပေါ်မင်းညိုခင်နေမှန်းမသိ။

ယောက်ျားပီသ၍ ချွဲမက်ဖွယ်ကောင်းသောမင်းညိုကို လက်ပံကုန်းရွာသူတွေက အရေးပေးဆက်ဆံကြသော်လည်း မင်းညိုကကြာဖြူမှလွဲ၍ တခြားဘယ်သူ့ကိုမှစိတ်ဝင်စားခြင်းမရှိ ...

"မောင်တော်အမြန်လာနော် ကြာဖြူမောင်တော့်ကိုမျှော်နေရတာမော နေပြီ"

ကြာဖြူက ရိုးမတောင်တန်းကြီးနောက်သို့ တဖြည်းဖြည်းဝင်သွားသည့် နေလုံးကြီးကိုကြည့်ကာပြောနေ၏။

မင်းညိုက ...

"ကြာဖြူ ပြန်ရအောင်ဟာ နေလည်းဝင်နေပြီ မှောင်တော့မယ်"

"အင်း ... မောင်တော် မောင်တော် မျှော်လေလေ ဝေးလေလေ ပါလား"

ကြာဖြူကပြော၍ ရွှေနှံ့သာစေတီရဲ့ ရင်ပြင်ကနေ မင်းညိုနှင့်အတူ ဆင်းလာသည်။

"ဪ နင့်အတွက်မြို့က အဝတ်အစားတွေဝယ်လာတယ်"

"အဝတ်အစားတွေ"

"ဟုတ်တယ်လေ နင်ဝတ်ဖို့ပေါ့ ကြာဖြူရဲ့ ဌါအိမ်ပိုက်ခဲ့ အိမ်မှာအမေ

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတယ်”

“အင်း”

ကြာဖြူက ခေါင်းညိတ်ကာ မင်းညိုဘေးကလိုက်လာသည်။ ရွာထိပ်ရောက်သောအခါ မှုးနေသော သံနိုင်တို့သုံးယောက်နှင့်ဆုံလေသည်။

“ဟာ ... မင်းညို အရူးမနဲ့ဘယ်ကပြန်လာတာလဲ”

“သံနိုင် ... မှုးနေရင်လည်းအေးအေးနေကွာ”

“အေး အေးနေရမယ်ဟုတ်လား ... ဟား ... ဟား ... ဒီအရူးမကြောင့် တို့ရွာဘယ်လောက်ဂုဏ်သိက္ခာကျသွားလဲ မင်းသိလား”

“ဟုတ်တယ်”

သံနိုင်ကပြောတာကို ဘေးကငထုံနှင့်ခွေးဆိုးက အာလေးလျှာလေးဖြင့်ဝင်ပြောသည်။

“သူ့ကြောင့် ဘာဂုဏ်သိက္ခာကျလို့လဲ”

မင်းညိုက မခံချင်စွာပြောတော့ သံနိုင်က ...

“သူနေတဲ့အိမ်မဲကြီးက နာနာဘာဝတွေက အရေးပိုင်မင်းကို ခြောက်လှန့်လိုက်တယ်လေ”

“အဲဒါ သူနဲ့ဘာဆိုင်လဲ”

“ဆိုင်တာပေါ့ကွ အဲဒီအိမ်ကြီးက နာနာဘာဝတွေဆိုတာ သူ့မိဘဆွေမျိုးတွေလေ သူကိုယ်တိုင်ကလည်း ဘာလဲဆိုတာ မင်းသိလား”

“မင်းစကားက ဘာလဲ သံနိုင်သူကစိတ်မနှံ့တဲ့သူလေ တို့တစ်ရွာလုံးက ဝိုင်းစောင့်ရှောက်ရမှာမလား”

မင်းညို စကားကိုသံနိုင်က ရိသဲ့သဲ့နှင့် —

“အရူးမ မိစ္ဆာမကိုမင်းပဲစောင့်ရှောက် အေးလေ — စောင့်ရှောက်တယ်ဆိုတာလဲ အကြောင်းရှိမှာပေါ့ —

ဟုတ်တယ်မလား သူငယ်ချင်းတို့ ... ”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်ဟေ့"

သံနိုင်တို့စကားကြောင့် မင်းညိုဒေါသအလွန်ထွက်သွားသည်။

သို့သော် ...

သူ့ဘေးမှာ ကြာဖြူပါနေသလို ရွာကိုလည်းရောက်လာတာမှမကြာသေး ရန်ဖြစ်တယ်ဆိုရင် မကောင်းပါဘူးဟုတွေးကာ သူ့ဘေးမှာငြိမ်ရှိနေသည့် ကြာဖြူ အား ...

"လာ ... ကြာဖြူသွားမယ်"

ပြော၍ လှည့်ထွက်သွားရာ သူတို့နောက်တွင်ကျန်ခဲ့သည့် သံနိုင်က

"ဟေ့ကောင် မင်းညို သိပ်မကြာခင်မှာ မင်းရဲ့မိန်းမနဲ့သူ့အမျိုး နာနာ ဘာဝတွေကို ရွာကနှင်တော့မှာကွ ...

အဲဒီအခါကျရင် လွမ်းမျက်ရည်တွေရွှာမှာ မလျှံစေနဲ့နော် ငါတို့ရေး မကူးတက်ဘူးကွ"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

သံနိုင်တို့က အားရပါးရလှောင်ရယ်ကြတော့ မင်းညိုဒေါသဖြစ်ကာ ခပ်ပြင်းပြင်း တောက်ခေါက်ရင်း ကြာဖြူနှင့်အတူအိမ်သို့ပြန်လာခဲ့တော့သည်။

❖ ၂၇ ❖

www.burmeseclassic.com

www.burmeseclassic.com

ရွာထဲဝင်လိုက်တာနှင့် သိလိုက်ပြီ ...

မိစ္ဆာတွေရှိတဲ့အိမ်မှာ ကျုပ်မီးရင်မှာက ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

**ထိပ်ကြာသွင်းကားသူဌေး ●**

"ဟုတ်တယ် သား ... အခုတလောရွာထဲမှာကြားရတဲ့သတင်းက ကြာဖြူအတွက်သိပ်မကောင်းဘူး"

ဒေါ်ခင်ညိုက ညဘက်အိမ်ရှေ့ကွက်ပျစ်မှာသူ့သား မင်းညိုနှင့်အရေ ရေနွေးကြမ်းသောက်၍ စကားပြောဖြစ်ကြသည်။

"ဘာလို့လဲ အမေ"

"ကြာဖြူတို့နေတဲ့ အိမ်ကြီးက နာနာဘာဝတွေကို သရာခေါ်ပြီးနှင်မယ် ဆိုလားပဲ"

"အမိပ္ပါယ်မရှိတာ လူတွေကအထင်တစ်ခုနဲ့ မဟုတ်တာတွေ လျှောက် လုပ်မယ်နဲ့တူတယ်"

"ဟင်"

ဒေါ်ခင်ညိုက သက်ပြင်းကိုချလိုက်ပြီး ...

"အဆိုးဆုံးက သံနိုင်တို့ပေါ့ကွယ် မိစ္ဆာအိမ်ကြီး နာနာဘာဝတွေဟာ ကြာဖြူကိုယ်တိုင်ကလည်း ညဘက်ဆိုနာနာဘာဝဖြစ်သွားတယ်—

သူတို့ကိုယ်တိုင်ကြုံခဲ့သလိုလို တွေ့ခဲ့သလိုလို ရွာထဲလျှောက်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေအထိတ်တလန့်ဖြစ်နေကြတယ်လေ၊ အရင်က ကြာဖြူနဲ့ဆော့ဆော့နေတဲ့ကလေးတွေဆို သူတို့မိဘတွေက ပေးမဆော့တော့ဘူး"

မင်းညိုအားရှင်းပြလိုက်ရာ မင်းညိုက ...

"လူတွေကလည်းခက်တယ်ဗျာ — တစ်ခုခုဆိုအပြောနဲ့ယုံလိုက်တာပဲ ကြာဖြူအတွက် ဘယ်လိုလုပ်ကြမလဲအမေ"

"အမေတို့တတ်နိုင်သမျှ ကာကွယ်ကြတာပေါ့၊ အင်းလေ လူတိုင်းဟာ ကိုယ့်ကံနဲ့ ကိုယ်လာတာပဲမလား"

ဒေါ်ခင်ညိုကဖြေတွေး တွေးကာနေလိုက်သည်။ မင်းညိုက ...

"အမေ ကြာဖြူကိုအိမ်မှာခေါ်ထားလိုက်ပါလား၊ သူ့ကို ကျွန်တော်တို့ တစ်သက်လုံးစောင့်ရှောက်ကြရအောင် အမေ"

"အမေအတွက် ကြာဖြူကိုတာဝန်ယူရတာ ဘာမှအပန်းမကြီးပါဘူး ဒါပေမယ့် ကြာဖြူကနေမယ်မထင်ဘူး"

"နေအောင် ကျွန်တော်ပြောမယ်ဗျာ"

မင်းညိုစကားကြောင့် ဒေါ်ခင်ညိုကပြုံးလိုက်သည်။ ပြီးမှ ...

"ဟိုတစ်ည အိမ်မှာလာအိပ်တုန်းကတောင် တော်တော်နဲ့အိပ်မပျော်ဘူး သူ့အိမ်ကိုလွမ်းနေတယ်ထင်ပါရဲ့ ...

ပြီးတော့ — သားကအရွယ်ရောက်နေပြီလေ မသင့်တော်ပါဘူးကွယ်"

"ကျွန်တော်က မြို့ပြန်သွားမှာပဲ အမေ"

"မှန်တော့မှန်ပါတယ် ကြာဖြူက စိတ်မနှံ့တဲ့သူလေ အမေတို့နဲ့ ဘယ်အချိန်ထိအတူနေမှာလဲ"

ဒေါ်ခင်ညိုက ရှေ့ရေးကိုတွေးတွေးဆဆနှင့်ပြောတော့ မင်းညိုငိုင်ကျသွားသည်။

သူကိုယ်တိုင်က ကြာဖြူကိုသံယောဇဉ်ကြီးတယ်ဆိုပေမယ့် — တစ်အိမ်ထဲမှာ အတူတကွ ဘဝတစ်ခုတည်ဆောက်ဖို့ဆိုတာ မဖြစ်နိုင်မှန်းသိသည်လေ။

❖ ၅ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြွပါ ... ဒါ ကျွန်တော်တို့ရွာသူကြီးလေ"

သံနိုင်က ပေါက်ကုန်းရွာသားနှစ်ဦးနှင့်ရောက်လာသော အသက်ငေ ဆယ်ကျော်အရွယ် ခန္ဓာကိုယ်တောင့်တောင့်အရပ်ပုပြတ်ပြတ် အသားကညိုညို မျက်လုံးမျက်ဖန်ကောင်းသလို ရှည်လျားလှသည့်ဆံပင်တို့က ကျောလယ်ထိ ချလို့ထားသည်။ ဆရာသိဒ္ဓိအောင်ကို သူကြီးအိမ်သို့ခေါ်လာသည်။

"ထိုင်ပါဗျာ ထိုင်ပါ"

သူကြီးက ထိုင်ခုံတစ်လုံးတွင်နေရာပေးလိုက်သည်။

"သူကြီးတို့ရွာက မသန့်ဘူးဖြစ်နေတယ်"

"ဗျာ"

ရုတ်တရက်ပြောလိုက်သည့် ဆရာသိဒ္ဓိအောင်စကားကို သူကြီးကနား မလည် ...

"ကျုပ်ရွာထဲဝင်ရုံရှိသေးတယ် ဟိုအိမ်ကြီးကကောင်တွေက ပမာမခ နဲ့ တောက် ကျုပ်ကိုဘာကောင်များမှတ်နေလဲမသိဘူး အကြောင်းပြရသေး ပေါ့"

ဆရာသိဒ္ဓိအောင်က မာန်ပါလှသည့်အသံဖြင့်ပြောလေ သူကြီး

"ကျုပ်တို့ရွာကို ဒုက္ခပေးနိုင်လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်ပြောကောင်းမလဲ သူကြီးရယ် သိပ်ပေးနိုင်တာပေါ့ ဟိုတစ်ရက်က သူတို့နေရာကို တခြားလူတွေလာအိပ်တာကိုမကျေမနပ်ဖြစ်နေတာ

ရွာက ကလေးတွေသတိထား ကလေးဆိုတာလိပ်ပြာငယ်သေးတယ် မလား၊ သူတို့ကိုအသာလေးလိပ်ပြာနှုတ်လို့ရတယ်"

"ဟင်"

သူကြီးပင်လန့်လို့သွားသည်။ စိတ်ထဲ၌လည်း အားငယ်သလိုလိုထိတ်လန့်သလိုလိုဖြစ်မိသည်။

"မပူပါနဲ့ ကျုပ်ရောက်လာပြီပဲ"

"အားကိုးပါတယ် ဆရာရယ်"

"ကျုပ် နာနာဘာဝတွေနေတဲ့ အိမ်ကြီးရဲ့အကြောင်းကို သံနိုင်ပြောပြလို့သိထားပါတယ် ...

သူတို့က မိစ္ဆာမကိုရွာထဲလွှတ်ထားတာပဲ"

"ဗျာ"

သူကြီးရဲ့ မျက်လုံးထဲတွက် ကြာဖြူရဲ့မျက်နှာကိုပြေးမြင်လို့လာသည်။

"မိစ္ဆာမကို သူတို့ကလိပ်ပြာသွင်းထားတာ သူကမှ ခင်ဗျားတို့ရွာကလူတွေကိုဒုက္ခပေးမှာ"

"ဆရာကြည့်စီစဉ်ပေးပါ လိုအပ်တာကျုပ်ပံ့ပိုးပါ့မယ်"

"ကျုပ်တို့မနက်ဖြန် လကွယ်ညမှာ သူတို့ခြံထဲက နာနာဘာဝတွေကို မောင်းထုတ်မယ် ...

ရွာတော်ရှင်ပွဲရယ် ကွင်းပိုင်ပွဲရယ်ပေးရမယ် နောက်ပြီးအထက်ဂိုဏ်းဆရာပွဲက သီးသန့်ပေးရမှာ"

ဆရာသိဒ္ဓိအောင်က လိုအပ်တာများကိုတစ်ခုချင်းမှာလို့နေ၏။

သူကြီးက ...

"ကျုပ်တို့ပါ ခြံထဲလိုက်ရမလား"

"မလိုဘူး ကျုပ်တပည့်နှစ်ယောက်ရယ် ဒီရွာသားသုံးနိုင်တို့သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဆို လုံလောက်ပြီ ... တစ်ခုပြောချင်တာက ကျုပ်အလုပ်ကိုဘယ်သူမှလာ မနှောက်ယှက်ပါနဲ့"

"စိတ်ချပါ ကျုပ်တာဝန်ယူပါတယ်"

သူကြီးက ဆရာသိဒ္ဓိအောင်ပြောသမျှကို သဘောတူကာခေါင်းညိတ် လိုက်တော့သည်။

❖ ၁၂ ❖



www.burmeseclassic.com

www.burmeseclassic.com

ပွဲတွေပေးပြီး မိတ္တာနှင်တို့ညမှာ
ကြိမ်လုံးရဲ့ပြင်းထန်သော
ရိုက်နှက်သံကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

**တဆွေ့ပြင်ပွဲ**

လကွယ်ည ...

လက်ပံကုန်းတစ်ရွာလုံးတိတ်ဆိတ်လို့နေသည်။ တဆင့်စကားတဆင့်ကြား၍ ရွာသူရွာသားများထိတ်လန့်လို့နေကြ၏။ သူကြီးက ခြံတံခါးများကို သေချာပိတ်ထားဖို့ မှာထားတာကြောင့် တစ်ရွာလုံးရဲ့ခြံတံခါးတွေ ပိတ်ထားကြသည်။

ကလေးသူငယ်များကိုလဲ တမာရိုးနှင့်ပရိတ်ကြိုး တွဲကာလည်မှာ စီးထားပေးကြသည်။

ခါတိုင်းညဆိုခွေးဟောင်သံလေးကြားရသေးသည်။ အခုညမှာ ဘယ်အိမ်ကခွေးမှမဟောင်ကြ။

တစ်ရွာလုံးတိတ်ဆိတ်နေတာကကို ပိုကြောက်စရာကောင်းလို့နေ၏။

မင်းညိုကတော့ ခြံထဲမှာဟိုလျှောက်ဒီလျှောက်နှင့် လုပ်နေသည်။ စိတ်ထဲမှာမကျေနပ်စိတ်ကြောင့် ဒေါသဖြစ်ကာနေ၏။

"တောက် … အဓိပ္ပါယ်မရှိတာ သူကြီးကိုယ်တိုင်က စဉ်းစားဉာဏ်ခြင်းမှုနည်းတာပါ"

တစ်ယောက်ထဲရေရွတ်လိုက်စဉ် အိမ်ပေါ်မှဒေါ်ခင်ညိုက ...



www.burmeseclassic.com

www.burmeseclassic.com



"သား … အိမ်ပေါ်တက်လေ … "

"အမေ … "

"ဟော … လာလေသား … ပြောစရာရှိရင်အမေ့လာပြော"

ဒေါ်ခင်ညိုကပြောလိုက်ရာ မင်းညိုကသူ့အမေနားလာ၍

"ဟို  ဆရာလုပ်ပုံနဲ့ ကြာဖြူဒုက္ခဖြစ်အုံးမယ် ကြာဖြူကိုကျွန်တော်သွား ခေါ်လိုက်မယ် အမေ"

"ကြာဖြူကိုတော့ ဘာမှလုပ်ကြမယ်မထင်ပါဘူး သိပ်မစိုးရိမ်ပါနဲ့ သားရယ်"

ဒေါ်ခင်ညိုကသူ့သား မင်းညိုကိုနှစ်သိမ့်လိုက်သည်။

"ညနေထဲက ကြာဖြူကိုအိမ်ခေါ်ထားလိုက်ရင် ပြီးရော"

"ဟဲ့ … သား အခုသတင်းကို တစ်ရွာလုံးကပိတ်ထားကြတာလေ ညနေကမှ ငါးရောင်းတဲ့မိအေးကပြောလို့ အမေသိခဲ့တာလေ"

"ကျွန်တော်တို့ကို ဘာလို့မသိစေချင်တာလဲ မသိဘူး"

"သားရယ်  ကြာဖြူနဲ့အမေတို့က ဆက်စပ်နေတာမလား ဒါကြောင့် ဖုံးကွယ်ထားတာနေမှာပေါ့ ကြာဖြူတစ်ခုခုဖြစ်ရင် အမေတို့ဆီပြေးလာမှာပါ ဘာမှပူမနေနဲ့ … "

"ဟင်း"

ဒေါ်ခင်ညိုကနှစ်သိမ့်လိုက်ရာ မင်းညိုလည်းသက်ပြင်းရှည်ကြီးကို လေးတွဲစွာချလိုက်လေတော့သည်။

❖ ၅ ❖

www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲကြီး၏ခြံထဲမှာတော့ ဖယောင်းတိုင်စီး အလင်းရောင်တို့ဖြ
လင်းထိန်လို့နေသည်။

ဝါးဖြင့်ထိုးထားသည့် စင်ပေါ်မှာတော့အုန်းငှက်ပျောပွဲ သုံးပွဲကိုတင်
ထားသလို သပြေ၊ အမွှေးတိုင်၊ ကွမ်းစတာတွေကို စနစ်တကျသူ့နေရာ
သူထားထား၏။

ဆရာသိဒ္ဓိအောင်က ဆယ်ပေပတ်လည်လောက်ရှိသည့် မြေနေရာကို
ချည်ဖြင့်စက်ဝိုင်းသဏ္ဍာန်ဖြစ်၍ စည်းသဖွယ်ထားသည်။

ထိုစည်းဝိုင်းအလယ်မှာတော့ ဝါးမိုးဝါးတိုင်ကိုစိုက်လို့ထားသည်။

"ဟိတ် ... ငါဆရာ ... သိဒ္ဓိအောင်အခုချိန်ကစလို့ သိဒ္ဓိတန်
အာဏာစက်ကိုအထက် ဆရာတွေကပေးလိုက်ပြီ ဒီရွာမှာရှိတဲ့သရဲတစ္ဆေ
ဘာဝတွေ ငါ့ရှေ့ကိုအမြန်ဆုံးရောက်ကြစမ်း"

အလွန်မာန်ပါလှသည့် အသံဖြင့်ဟစ်အော်လိုက်ရာ သိပ်မကြာခင်

အိမ်မဲကြီးအပေါက်ဝမှ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယော
ဆရာသိဒ္ဓိအောင်တို့ဆီ လျှောက်လာသည်။ သံနိုင်ကဆရာသိဒ္ဓိအောင်နား
၌ ...

"ဆ ... ဆရာ ... ကြာဖြူဆိုတာ အခုလာနေတဲ့ကောင်မထော

www.burmeseclassic.com



"အေး ... "

ဆရာသိဒ္ဓိအောင်ကခေါင်းညိတ်လိုက်သည်။ ကြာဖြူကအနေအနားရောက်တော့ ...

"အဲ့ဒါ ဘာလုပ်ကြတာလဲ ဟင်"

"ဘာလုပ်ရမလဲ မိစ္ဆာတွေကိုဆုံးမမလို့ပေါ့ နင်လာစမ်း"

ဆရာသိဒ္ဓိအောင်၏ စကားကြောင့် ကြာဖြူရဲ့မျက်လုံးလေးတွေ ကလယ်ကလယ်ဖြစ်သွားသည်။

ဆရာသိဒ္ဓိအောင်၏ တပြည့်နှစ်ယောက်က ကြာဖြူလက်မောင်းတစ်ဖက်ဆီကို ဖမ်းဆုပ်လိုက်ပြီး ဝါးတိုင်နားသို့ခေါ်လာသည်။

"ဘာလုပ်တာလဲဖယ် ... "

ကြာဖြူကအတင်းရုန်းလေသည်။

"ဟေ့ကောင်တွေ သူ့ကိုဝါးတိုင်မှာကြိုးတုပ်လိုက်စမ်း ဒီကောင်မလေးအမိစ္ဆာတွေလွှတ်ထားတဲ့ တစ္ဆေမ ... သူ့ခန္ဓာကိုယ်ထဲက ဝိညာဉ်ကိုထုတ်ရမယ်"

"မလုပ်နဲ့"

ဆရာသိဒ္ဓိအောင်တပြည့်နှစ်ယောက်က ကြာဖြူကိုဝါးတိုင်အားဖက်စေ၍ ကြိုးတုပ်လိုက်သည်။

"ဟေ့ ... ငါ့ရဲ့မိစ္ဆာနိုင်ကြိမ်လုံးအစွမ်းပြရတာပေါ့"

"ဖြောင်း ... "

"အား ... "

ဆရာသိဒ္ဓိအောင်က သူ့ရဲ့ကြိမ်လုံးနှင့်ကြာဖြူကျောကို အားရပါးရချလိုက်သည်။

"အား ... "

ထိုစဉ် ...

"ဝေါ ... "

အိမ်မဲကြီးထဲမှ ကြောက်မက်ဖွယ်ကောင်းလောက်သည့် အသံကြီးထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

"ဆ ... ဆရာ ... ဘာ ... ဘာသံကြီးလဲ မသိဘူး"

"ငြိမ်ငြိမ်နေကြစမ်း"

"ဝေါ ... ဝေါ ... "

ဆရာသိဒ္ဓိအောင်က အိမ်မဲကြီးကိုသေချာစိုက်ကြည့်၍ ပါးစပ်ကဂါထာမန္တန်ကိုအဆက်မပြတ်ရွတ်နေ၏။

သံနိုင်တို့မှာ အိမ်မဲကြီးကထွက်လာသည့် အသံကြောင့်ကြောက်လွန်း၍ ဒူးများတုန်နေသည်။

"ဂီး ... ဂီး ... "

ညဥ့်ငှက်လေးငါးကောင်ခန့်က ဆရာသိဒ္ဓိအောင်တို့လူစုကို ဝိုင်း၍အော်မြည်နေကြသည်။

ခွေးဆိုးကကြောက်ကြောက်နှင့်နောက်သို့ဆုတ်လိုက်ရာ ပွဲကိုတိုက်မိပြီး ပွဲများစင်ပေါ်မှအောက်သို့ကျသွားသည်။

"ဟာ ... "

ဆရာသိဒ္ဓိအောင် မျက်နှာပျက်သွားသည်။

"ဆ ... ဆရာ ... ဟို ... ဟိုမှာ ... "

အိမ်မဲကြီးထဲမှာကြောက်မက်ဖွယ်အသံနှင့်အတူ ကြီးမားသောခေါင်းတလားအနက်ကြီးကို ထမ်းကာသူတို့ဆီလျှောက်လာသည့် အရိပ်မည်းကြီးကို တွေ့လိုက်ရသဖြင့် ခွေးဆိုးကအကြောက်လွန်၍ ထွက်ပြေးရာ ...

"ဟာ ... စည်းပေါက်သွားပြီ"

"ပြေး ... ပြေး ... "

"ဟေ့ကောင်တွေ ... နေကြအုံး ... "

သံနိုင်တို့အားလုံးထွက်ပြေးကြရာ ဆရာသိဒ္ဓိအောင်လဲ ခြေအေးမဟန်တော့မှန်းသိ၍ နောက်မှလိုက်ပြေးရတော့သည်။

"အူ ... ဝူး ... ဝူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် ... ဝုတ် ... ဝုတ် ... "

ရွာထဲမှာတော့ သံနိုင်တို့ပြေးသံကြောင့်ခွေးမှားက အူသလိုတချို့ခွေးများ ကလဲဟောင်ကြသည်။

"ဟော့ ... ဘာဖြစ်တာလဲ"

အိမ်တစ်အိမ်ကလှမ်းမေးရာ သံနိုင်က

"သရဲလိုက်လို့ဗျို့ ... "

အော်ဟစ်လိုက်သည့်အသံကြီးက ရွာထဲမှာဟိန်းထွက်လို့သွားသည်။

ရွာထဲမှလူတွေကလဲ ကြောက်လွန်း၍အိမ်ထဲမှ အိမ်ပြင်သို့ပင်မကြည့်ရဲကြ။

ဆရာသိဒ္ဓိအောင်ပြေးလာရင်း သူကြီးအိမ်ရောက်တော့ပုဆိုးတောင်ပါမလာ ...

သူ့ဘဝမှာ ပယောဂ၊ စုန်းတိုက်၊ နတ်တိုက်၊ ကဝေ၊ အင်း စတာတွေကို အနိုင်တိုက်နိုင်ခဲ့သည်။

သို့သော် ...

အိမ်မဲကြီးက တစ္ဆေကြီးကိုတော့ သူမနိုင်ပဲပြေးခဲ့ရပြီလေ ...

❖ ၈ ❖



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသော မီးတောက်ကြီးများက
ဝိဉာဉ်စံအိမ်တော်ကို ဝါးမျိုသွားတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

**မီးလောင်တဲ့အိမ်**

"မီးပျို့မီး ... အိမ်မဲကြီးမှာ မီးလောင်နေတယ်ဗျို့ ... "

ရွာထဲမှဆူညံစွာထွက်ပေါ်လာသည့် အသံကြောင့်မင်းညိုဖျတ်ခနဲ လန့်နိုးသွားသလို အခန်းထဲမှာအိပ်နေသည့်ဒေါ်ခင်ညိုကလည်းနိုး၍ အခန်းအပြင် ထွက်လာသည်။

"အမေ ... အိမ်မဲကြီးမှာ မီးလောင်နေတယ်တဲ့"

"ဟင် ... ကြာဖြူတော့ဒုက္ခပဲ"

"ဟုတ်တယ် အမေသားသွားမှဖြစ်မယ်"

မင်းညိုကအိမ်ပေါ်မှပြေးဆင်းကာ ရွာလမ်းမအတိုင်းအိမ်မဲကြီးရှိရာသို့ အပြေးသွားသည်။

ဒေါ်ခင်ညိုကလည်းနောက်မှလိုက်၍ ...

"သား ... ခဏနေအုံး ... အမေ့ကိုစောင့်ဦးလေ"

ခေါ်သော်လည်းမကြားတော့ ...

အိမ်မဲကြီးကရွာထိပ် ကုန်းအမြင့်မှာရှိတာကြောင့် အိမ်မဲကြီးကို

www.burmeseclassic.com

www.burmeseclassic.com



စွဲလောင်သည့် မီးတောက်အလင်းရောင်ကတစ်ရွာလုံး လင်းထိန်လို့နေသည်။

ရွာထဲမှလူတွေကလည်း ရေများဖြင့်ပတ်ကာဝိုင်း၍ငြိမ်းကြသော်လည်း မီးတောက်များမှာ အရှိန်ကောင်းနေတာကြောင့် မငြိမ်းနိုင်ပဲဖြစ်နေသည်။

အိမ်မဲကြီးမှာရွာထိပ်တွင်ရှိ၍ ရွာထဲရှိအိမ်များနှင့်အနည်းငယ်လှမ်းတာကြောင့် ရွာသို့မီးမကူးတာကံကောင်းလှသည်။

"ဟိုအရှုံးမလေးတော့သွားရှာပြီ"

"ဟုတ်တယ် ဒီလိုမီးတောက်မျိုးနဲ့ အိမ်ထဲကဘယ်လိုထွက်မလဲ"

"အိမ်မဲကြီးအခုလို မီးလောင်သွားတာကောင်းပါတယ် ရွာအတွက်အထိတ်တလန့်မဖြစ်တော့ဘူးပေါ့"

"အေးလေ … ဘာတတ်နိုင်မှာလဲ"

တစ်ယောက်တစ်ပေါက် အိမ်မဲကြီးကိုကြည့်ကာ ပြောနေကြစဉ် မင်းညိုက …

"ကြာ … ကြာဖြူကိုတွေ့မိသေးလား"

"ဟာ … ဒီလောက်ကြီးတဲ့မီးနဲ့ ဘယ်လိုတွေ့မှာလဲ"

"ဖယ် … ကျွန်တော်ဝင်ရှာမယ်"

"ဒီလောက်မီးလောင်နေတာ ဘယ်လိုရှာမလဲ"

မင်းညိုက လူအုပ်ကိုအတင်းတိုး၍ အိမ်မဲကြီးဆီသွားမည်လုပ်တော့ ရွာသားတစ်ချို့က ဝိုင်းဆွဲထားသည်။

"ဖယ်ပါ ကြာဖြူကိုရှာမလို့"

"ဟာ … ဒီကောင်သေတော့မှာပဲ မီးလောင်တာ တစ်အိမ်လုံးကုန်တော့မယ်"

မင်းညိုရင်ထဲဗလောင်ဆူလို့နေသည်။ ပြင်းထန်စွာလောင်ကျွမ်းနေသည့် မီးတောက်များရဲ့အရှိန်အောက်မှာ ကြာဖြူဘယ်လိုမှ ရှန်းမထွက်နိုင်မှန်းသိသည်လေ။

"ကြာဖြူ … ကြာဖြူ … "

---

www.burmeseclassic.com

www.burmeseclassic.com



မင်းညိုရဲ့အော်လိုက်သည့်အသံကပတ်ဝန်းကျင်တစ်ခုလုံးကိုလွှမ်းသွားသည်။

"သား ... သတိထားစမ်း"

ဒေါ်ခင်ညိုရောက်လာပြီး မင်းညိုကိုပြောလိုက်ရာ ...

"အမေ ... ကြာဖြူမီးထဲပါသွားပြီဗျ ... "

"သားရယ် ဘာတတ်နိုင်မှာလဲ ကိုယ့်စိတ်ကိုဖြေပါကွယ်"

ဒေါ်ခင်ညိုကနှစ်သိမ့်လိုက်ရာ မင်းညိုကမီးလောင်ကျွမ်းနေသည့် အိမ်မဲကြီးကိုကြည့်ကာနေသည်။

တဖြည်းဖြည်းနှင့် ...

လောင်ကျွမ်းစရာကုန်၍ ငြိမ်းသွားတော့ မျက်လုံးကိုစုံမှိတ်ကာ အူနှောက်ထိုင်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေနံ့သာစေတီ ...

ဘုရားရင်ပြင်တော်ပေါ်ကနေ ရိုးမတောင်တန်းကြီးတွေကို ငေးကြည့်နေတာက မင်းညို ...

ဒီနေရာလေးမှာတစ်ခါက ကြာဖြူရိုးမတောင်တန်းကြီးတွေကို ငေးကြည့်နေဖူးသည်။

ငယ်စဉ်ထဲက ဆော့ဖော်ဆော့ဖက် သူငယ်ချင်းတစ်ယောက် စိတ်မနှံ့သူလေးပေမယ့် မင်းညိုကိုခင်သည်။

အစားအသောက်စားရင်တောင် တစ်ယောက်ထဲမစား မင်းညိုနဲ့မှစားသည်။

အရွယ်ရောက်လာတော့ မင်းညိုရဲ့သံယောဇဉ်က ကြာဖြူအပေါ်ထားတဲ့ ဂရုဏာစိတ်တို့နှင့်အတူ နုရွှစွာလှပတဲ့ကြာဖြူအပေါ် မင်းညိုရင်ခုန်ခဲ့သည်လေ ...

အခုတော့ ...

မင်းညိုဘုရားရှိခိုးပြီး ကြာဖြူကိုအမျှဝေပေးလိုက်သည်။ ဘုရားရင်ပြင်တစ်ခုလုံးတိတ်ဆိတ်နေပေမယ့် သူအမျှဝေသံကိုတော့ ကြာဖြူကြားမှာပါလို့တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်ကဆင်းကာ ရွာပြန်လာတော့ မိုးချုပ်စပြင်ဖြစ်နေပြီ။

ဒီလမ်း _ ဒီရွာလေးမှာ ကြာဖြူအသံစာစာလေးကို အခုတော့မကြား ရတော့ပါ။

ရွာထိပ်မှာတစ္ဆေခြောက်တယ်လို့ နာမည်ကြီးခဲ့သည့် အိမ်မဲကြီးကတော့ ပြာပုံဘဝကိုရောက်ကာတစ္ဆေတစ်ကောင် ပက်လက်အိပ်နေသည့် ပုံသဏ္ဌာန်မျိုး ဖြစ်နေ၏။

"ဟင်း"

သက်ပြင်းကို ခပ်လေးလေးချ၍ သူ့အိမ်သို့ပြန်လာသည်။

အိမ်ရောက်တော့ အမေက ...

"သား ထမင်းစားတော့မလား ... "

"မဆာသေးပါဘူး အမေ ... "

"မိုးပဲချုပ်နေပြီကွယ် စားလိုက်ပါလား မနက်ကျရင် မြို့သွားအလုပ် လုပ်မှာမလား"

"အမေ"

မင်းညိုက သူ့မိခင်မျက်နှာကိုသေချာကြည့်၍ ခေါ်လိုက်သည်။

"ဘာလဲ သား"

"ကျွန်တော် မြို့မှာအလုပ်လုပ်ပြီးပိုက်ဆံစုမယ် ပြီးရင်အမေပါမြို့လိုက် နေပါလား"

"ဘာလို့လဲ သားရယ်"

"ကျွန်တော်ရွာပြန်မလာချင်တော့ဘူး အမေ၊ ရွာမှာနေရင် ကြာဖြူ ကိုသတိရနေတယ် အမေ၊ ကျွန်တော်နဲ့မြို့လိုက်နေပါနော်"

"ဟင်း"

ဒေါ်ခင်ညို မျက်နှာမကောင်းစွာခေါင်းညိတ်လိုက်သည်။

"သား _ အဆင်ပြေတဲ့အချိန် အမေ့ကိုလှမ်းခေါ်လိုက် အမေလိုက် ခဲ့မယ်"

---



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အိပ်တော့မယ် အမေ"

"ဟင် ... ထမင်းမစားတော့ဘူးလား"

"မစားတော့ဘူး အမေရယ် ... ရင်ပြည့်နေလားမသိဘူး"

ဇော်ခင်ညို ဘာမှမပြောတော့ သူ့သားအတွက်သူစိတ်မကောင်းဖြစ်မိလေတော့သည်။

❖ ၇ ❖



www.burmeseclassic.com

www.burmeseclassic.com

နှောင် ...

နှစ် ... နှစ်ဆယ်ခန့်

ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

**ချော်ယင့်တဲ့ဥြေသည်**

မြို့မှာအလုပ်ကြိုးစားလုပ်ရင်း အလုပ်ရှင်သူဌေးရဲ့ယုံကြည်မှုကိုရကာ လုပ်ငန်းခွဲလုပ်ရင်း အခုဆိုမင်းညိုတစ်ယောက် ကြီးပွားတိုးတတ်လို့နေလေပြီ။

ဒေါ်ခင်ညိုကလည်း မင်းညိုနှင့်အတူမြို့လိုက်ကာနေသည်။

ငွေကြေးကြွယ်ဝသလို လုပ်ငန်းများများစွာလုပ်ကိုင်နိုင်သောကြောင့် အစိုးရအရာရှိများသူဌေးများနှင့် မင်းညိုတစ်ယောက် ဝင်ဆန့်ပေါင်းသင်းနိုင်ခဲ့သည်။

တစ်ရက်မှာ ...

မင်းညို၏မိတ်ဆွေတစ်ဦးဖြစ်တဲ့ သစ်ပွဲစားကြီးဦးရန်ကျော်က သူ့မိတ်ဆွေ အငြိမ်းစားအရေးပိုင်မင်းမစ္စတာကာလစ်ဆင်နှင့် ဟိုတယ်မှာမိတ်ဆက်ပေးသည်။

"ကိုမင်းညို ဒီက မစ္စတာကာလစ်ဆင်တဲ့ အရင်ကကျွန်တော်တို့မြန်မာပြည်မှာ ဆယ့်ငါးနှစ်လောက်အရေးပိုင်မင်းလုပ်ခဲ့တာပေါ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် မစ္စတာကာလစ်ဆင်"

မင်းညိုက သူ့လက်လှမ်းပေးရာ မစ္စတာကာလစ်ဆင်က သူ့ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲနှုတ်ဆက်ရင်း ...

"ကျွန်တော်ကလည်းတွေ့ရတာဝမ်းသာပါတယ်"

ပြုံးချိုသောမျက်နှာနှင့်ခင်မင်ဖွယ်ကောင်းသော မစ္စတာကာလစ်ဆင်ကို မင်းညိုခင်သွားသည်။

ဦးရန်ကျော်က ...

"မစ္စတာကာလစ်ဆင်က လန်ဒန်မှာနေတာ ကိုမင်းညိုရဲ့ ... အခု သူ မြန်မာပြည်လာတာ ရှီးမတောစပ်က လက်ပံကုန်းရွာကိုသွားချင်လို့တဲ့"

"ဗျာ"

မင်းညိုအံ့ဩသွားသည်။ မစ္စတာကာလစ်ဆင်မျက်နှာကို အလျှင်အမြန်ကြည့်လိုက်၏။

"ဟုတ်တယ် ကိုမင်းညို လက်ပံကုန်းရွာကို ကိုမင်းညိုသိပါသလား"

မစ္စတာကာလစ်ဆင်ကမေးလိုက်သည်။

"ဟုတ်ကဲ့ လက်ပံကုန်းရွာဆိုတာ ကျွန်တော့်ဇာတိရွာပါ ရွာမှာမစ္စတာကာလစ်ဆင် မိတ်ဆွေတွေရှိလို့လား"

"မိတ်ဆွေတွေတော့မရှိပါဘူး၊ ဒါပေမယ့် အရမ်းစိတ်ဝင်စားစရာကောင်းတဲ့ အိမ်ကြီးတစ်လုံးရှိတယ် ကျွန်ုပ်အဲဒီအိမ်မှာတစ်ညအိပ်ခဲ့တယ် ... အဲဒီအိမ်ကြီးထဲကလူနဲ့စကားတွေပြောခဲ့တယ်"

"ဟင် ... အဲဒီအိမ်ကြီးမှာ ဘယ်သူမှမနေပါဘူး"

မင်းညိုကပြောတော့ မစ္စတာကာလစ်ဆင်က သူ့အိတ်ထဲမှ မီးခွက်လေးနှစ်ခွက်ကိုထုတ်၍ပြကာ ...

"ကျွန်ုပ်နဲ့သူတို့စကားပြောခဲ့တုန်းက ထွန်းထားတဲ့ဆီမီးခွက်လေ"

"စိတ်မကောင်းစရာပဲ မစ္စတာကာလစ်ဆင် အဲဒီအိမ်ကြီးဟာလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကပဲ မီးလောင်ပြီးပြာပုံဘဝရောက်သွားပြီ"

"အိုး ... မိုင် ... ဂေါ့"

မစ္စတာကာလစ်ဆင် အလွန်အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် အဲဒီအိမ်ကြီးကပြန်ပြီး အိန္ဒိယကိုပြောင်းရွှေ့ရတာနဲ့ မြန်မာပြည်ပြန်မရောက်တော့ အငြိမ်းစားယူတော့ ပထမဆုံးအလာချင်ဆုံးနေရာက အဲဒီအိမ်ကြီးပဲ အခုတော့ ... "

မစ္စတာကာလစ်ဆင်က စိတ်ဓာတ်ကျသွားသည်။

မင်းညိုက ...

"စိတ်မကောင်းမဖြစ်ပါနဲ့ မစ္စတာကာလစ်ဆင် လက်ပံကုန်းရွာမှာ အိမ်မဲကြီးမရှိတော့ပေမယ့် ရွှေနန်းသာဘုရားထီးတင်ပွဲရှိတယ်"

"အိုး ... ဟုတ်လား ကျွန်ုပ်သွားချင်တယ် ကိုမင်းညိုလိုက်ပို့ပေးနိုင်မလား"

"ကျွန် ... ကျွန်တော် ... "

မင်းညိုဘာဆက်ပြောရမှန်းမသိတော့ သူလက်ပံကုန်းရွာနှင့်ကြာဖြူကို မေ့ထားခဲ့တာ နှစ်တွေကြာပြီလေ ...

"ကျွန်ုပ် အိမ်မဲကြီးကိုမတွေ့ရတော့ပေမယ့် ပြာပုံဘဝကိုတော့အလွမ်းပြေကြည့်ခွင့်ရမှာပါ"

"ဟုတ်ကဲ့ပါ ... ကျွန်တော် မစ္စတာကာလစ်ဆင်ကို လက်ပံကုန်းရွာကို လိုက်ပို့ပါ့မယ်"

မင်းညိုက မစ္စတာကာလစ်ဆင်ကို စိုနင့်စွာပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရွှေနံ့သာဘုရားရင်ပြင်မှာ အသက်ဆယ့်ရှစ်နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦးက အဝေးကရိုးမတောင်တန်းကြီးကိုငေးကာကြည့်နေသည်။

သူ့ဘေးမှာတော့ အသက်ငါးဆယ်အမျိုးသမီးကြီးတစ်ဦးကို မင်းညိုတွေ့လိုက်ရာ လွန်စွာအံ့သြသွားသည်။ အနားသို့သွား၍ ...

"ကြာ ... ကြာဖြူ"

ပါးစပ်ကလွှတ်ခနဲထွက်သွားသည်။ ကောင်မလေးက သူ့ကိုလှည့်ကြည့်ပြီး ...

"ရှင် ... ရှင် ... "

"မင်း ... မင်းညိုလေ ... ကြာဖြူ"

"မင်းညို ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟင့်အင်း ... မသိပါဘူး"

ပြောရင်းထွက်သွားရာ မင်းညိုကနောက်ကလိုက်မည်အပြု အမျိုးသမီးကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် အဒေါ်ပြောစရာရှိလို့"

ပြောရာ မင်းညိုဆက်မလိုက်ပဲရပ်နေလိုက်သည်။

"အဒေါ့်တူမလေးက စိတ်မနှံ့ဘူးကွယ့် သူ့မိဘတွေကသူ့ကိုမွေးပြီး သိပ်မကြာခင်မှာပဲဆုံးသွားကြတာ"

"ဗြော်"

တိုက်ဆိုင်စွာပင် လာပြန်တွေ့သည့်ဘဝမှာလည်း ကြာဖြူကစိတ်မနှံ့သူလေးပဲဖြစ်နေသည်။

BURMESE CLASSIC

"အဒေါ်တို့က ဒိုက်ဦးဘက်ကပါ လယ်ပိုင်တွေဆိုပါတော့ တူမလေးက သူ့မောင်တော်ကိုစောင့်နေတာတဲ့ သူ့မိဘတွေက ဒွန်စန္ဒားတွေတဲ့ ရှူးရင်ရှူး မရှူးရင်နူကြလို့ ဒီလက်ပံကုန်းရွာက အိမ်မဲကြီးထဲက အပြင်ကိုမထွက်ကြဘူး တဲ့လေ အိမ်ကြီးနားဘယ်သူမှမလာရဲအောင် သူတို့ရဲ့အစေခံတွေကနည်းအမျိုးမျိုးနဲ့ ခြောက်လှန့်ကြလို့ ဒီရွာမှာအိမ်မဲကြီးက သရဲခြောက်တယ်လို့ပြောနေကြတယ် နောက်တော့ ဆရာဆိုတဲ့လူနဲ့ရွာသားတချို့က အိမ်ကြီးကိုမီးတိုက်လို့တစ်အိမ်လုံးသေသွားကြတယ်လို့ တစ်ခါက စိတ်ပါလက်ပါပြောဖူးတယ် ...

အခုလည်း ရွှေနံ့သာစေတီထီးတင်မှာ အတင်းလိုက်ပို့ပါဆိုလို့ ရောက်လာတာ သူ့မောင်တော်လာချင်လာမှာတဲ့ သူ့မောင်တော်က စကားမပြောတတ်ဘူးတဲ့ မောင်ရင်ကစကားပြောတတ်တော့ ... "

မင်းညိုခေါင်းအောက်သို့စိုက်သွားသည်။

ပြီးတော့ လေသံတိုးတိုးနှင့် ...

"ကျွန်တော်က သူ့မောင်တော်မဟုတ်ပါဘူးအဒေါ်ရယ် ... "

မင်းညိုက စိုးနင့်စွာပြော၍ အဒေါ်ကြီးအရှေ့မှ ထွက်ကာလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ … အခုဘဝမှာ ကြာဖြူနာမည်ဘယ်သူလဲဆိုတာမေးချင်တာနှင့် ဘုရားရင်ပြင်ကျဉ်းကျဉ်းထဲမှာလိုက်ရှာသော်လည်း မတွေ့ရတော့ …

ဘယ်နေရာရောက်သွားမှန်းမသိတော့ …

ထိုသူတွေဟာ …

ဘယ်သူတွေလဲ … ဆိုတာ …

ပြီးပါပြီ။

စာဖတ်သူရင်ကိုအမြဲထိရှမှုတွေပေးနေမယ့် …

စာရေးတဲ့ ကျွန်မ…

ဂျော်ဇော်

BURMESE CLASSIC

ဝေဖန်အကြံပြုစာများမျှော်လင့်လျက်

အမှတ်–၄၉ မှန်ရဝေလမ်း။ ဆရာစံမြောက်အရှေ့ရပ်ကွက်။

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၅၃၁၁၃၉၀၉

www.burmeseclassic.com